# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 16 January 2019 ၉၅၃၃


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်

## တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းတည်ဆောက်ပေးရန် ပြောကြား

**လွိုင်ကော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ နိုင်သက်လွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**







KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

## ကြေးမုံ

# အသိပညာဖွံ့ဖြိုးမှု စဉ်ဆက်မပြတ်ရှင်သန်

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများကို နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ကျင်းပပြုလုပ်နေသည်ကို မြင်တွေ့နေရသည်။ စာပေပွဲတော်ဟုဆိုသော်လည်း အသိပညာပေးပြခန်းများ၊ ပညာရေးဆိုင်ရာပြခန်းများ၊ ဒေသအလိုက် ထွက်ကုန်များနှင့် ထုတ်ကုန်ပြခန်းများ ပါဝင်သည့်အပြင် စာပေဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်အရောင်းပွဲတို့သာမက လက်မှုအနုပညာပြိုင်ပွဲများပါ ပါဝင်သဖြင့် ကလေးများအတွက်သာမက လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံ ထူးခြားသည့်အစီအစဉ်ဟု ဆိုနိုင်သည်။

အဓိကမှာ ကလေးများ စာပေတွင်ပျော်မွေ့၍ စာပေဖတ်ရှုလိုစိတ်များ ရှင်သန်ထွန်းကားစေရေးဖြစ်ပြီး ထိုအရေးသည် တစ်တိုင်းပြည်လုံး အရေးဖြစ်၍ မိဘ၊ ဆရာ၊ အများပြည်သူတို့နှင့် သက်ဆိုင်သူများအားလုံး အားတက်သရောဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို ပြသလိုက်ခြင်းသဘောဖြစ်သည်။ လတ်တလောတွင် ဒေသတစ်ခွင်၌ စည်ကားသိုက်မြိုက်ပျော်ရွှင်မှုကို ဖြစ်ပေါ်စေပြီး ရေရှည်တွင် ကလေးငယ်များ စုပေါင်းလုပ်ဆောင်လိုစိတ်၊ စုပေါင်းပါဝင်လိုစိတ်များ ရှင်သန်ထွန်းကား၍ ပါဝင်ယှဉ်ပြိုင်လိုမှု၊ အသိပညာဗဟုသုတ ရှာဖွေလိုမှု၊ စာပေကိုချစ်မြတ်နိုးမှု၊ စာဖတ်ဝါသနာပါမှုတို့ တိုးတက်ဖြစ်ထွန်းကာ နိုင်ငံနှင့် ပြည်သူကို အကျိုးပြုသော သားကောင်းရတနာများ ဖြစ်ပေါ်လာရေးကို ရည်ရွယ်ပေသည်။

မျက်မှောက်ကာလကဲ့သို့ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေသောကာလတွင် ကလေးများအတွက် စစ်မှန်သည့် ရည်ရွယ်ချက်လမ်းကြောင်း ခြေခြေမြစ်မြစ်ရှိရန် လိုအပ်နေသည်။ ကလေးများလမ်းကြောင်းမမှားစေရန် အထူးလိုအပ်နေသောအချိန်ကာလဖြစ်၍ မှန်ကန်တည့်မတ်သောလမ်းကြောင်းတွင် ကလေးများ စိတ်ဝင်တစားဖြင့် တက်ကြွလှုပ်ရှားပါဝင်လာရန် လိုအပ်သည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် ယခုကဲ့သို့ ကလေးစာပေပွဲတော်များ အနယ်နယ်အရပ်ရပ်တွင် စဉ်ဆက်မပြတ် ကျင်းပပေးနေသည်မှာ လျော်ကန်သင့်မြတ်ပေသည်။

ယနေ့မျက်မှောက်ကာလ၌ မွေးဖွားလာသော ကလေးငယ်များသည် ယခင်ခေတ်ကာလက မွေးဖွားကြီးပြင်းခဲ့သော ကလေးများဘဝနှင့် လားလားမျှ မတူချေ။ ခေတ်မျိုးဆက်စေ့သစ်၏ လွှမ်းမိုးမှုဖြင့် ရှင်သန်ပေါက်ဖွားလာကြသော လူငယ်များဖြစ်သည်။ တိုးတက်ဖြစ်ထွန်းမှု မြန်ဆန်နေသောခေတ်တွင် ခေတ်နှင့်လူသားအရင်းအမြစ်ကို မျက်ခြည်ပြတ်၍ မရချေ။ မျက်ခြည်ပြတ်သည်နှင့် လမ်းကြောင်းမှားကာ နိုင်ငံ၏အနာဂတ်နှင့် ကလေးများ၏အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်နိုင်သည်ကို ဆင်ခြင်ရမည်ဖြစ်သည်။

ထို့ကြောင့် လမ်းကြောင်းမှန်ကို စစ်မှန်သောစာပေမှ ဆောင်ကြဉ်းပေးနိုင်သည်ဖြစ်၍ ပြုစုပျိုးထောင်ရလွယ်ကူသော ကလေးငယ်များ စာပေဖတ်ရှုခြင်း၊ စာပေမြတ်နိုးခြင်းအလေ့အထများ စွဲမြဲအောင် စည်းရုံးလှုပ်ရှားဆောင်ရွက်ကြရသည်ကို မိဘပြည်သူများ နားလည်လက်ခံပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ ကမ္ဘာ့အမြင်ကျယ်ပြန့်လာသဖြင့် ကလေးအမြင်များလည်း ကျယ်ပြန့်လာအောင် ဖန်တီးဖော်ဆောင်ပေးရမည် ဖြစ်သည်။ ယနေ့ကလေးများသည် အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများ ဖြစ်သည်။ လွဲမှားသောအသိအမြင်များ စွဲမြဲသွားပြီးဖြစ်ပါက မည်သို့မျှတည့်မတ်၍ ရမည်မဟုတ်သဖြင့် မှန်ကန်သောအသိအမြင်များကို နုနယ်ဖူးပွင့်နေဆဲ ကလေးများအား မွန်မြတ်သောစေတနာဖြင့် လက်ဆင့်ကမ်းပေးဝေရခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ် ကောင်းမွန်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏အနာဂတ် တောက်ပြောင်ရေးအတွက် စိတ်ကူးစိတ်သန်းနှင့် အကြံဉာဏ်ကောင်းများစွာပါဝင်သည့် ကလေးစာပေပွဲတော်များ အောင်မြင်စွာကျင်းပရေးကို ဝိုင်းဝန်းကူညီအားပေးပြီး ကလေးငယ်များသာမက ပြည်သူများပါအကျိုးရှိသည့် အသိပညာဖွံ့ဖြိုးရေးလှုပ်ရှားမှုများအား စဉ်ဆက်မပြတ် ဆက်လက်ရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm





### မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် မြင့်တက်နိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ဘိုကလေးမြို့နယ်၌ ကျေးလက်စကားဝိုင်းများပြုလုပ်



**ဘိုကလေး ဇန်နဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အောက်လှည်းဆိပ်ကျေးရွာရှိ သိမ်ကျောင်းတိုက် ဓမ္မာရုံ၌ ယမန်နေ့နံနက်ပိုင်းက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့တို့က လွှတ်တော်အသီးသီးမှ ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များ၊ လွှတ်တော်အတွေ့အကြုံများ၊ ကျေးလက်ဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေရေးအတွက် ပညာရေးကဏ္ဍ မြှင့်တင်မှုလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်မည့် အခြေအနေများ၊ မြို့နယ်အတွင်းလက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့်အဖွဲ့က ပြည်သူများအတွက် ဆောင်ရွက်နေသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြည်သူ့စကားဝိုင်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကျေးရွာမီးလင်းရေး၊ ကျေးလက်ရေရရှိရေး၊ မြစိမ်းရောင်ချေးငွေ စီမံကိန်း၊ ကျေးလက်ဒေသ လမ်းတံတားဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မီးဘေးလုံခြုံရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ စပါးဖျက်ပိုးအန္တရာယ်များနှင့် သတိပြုကာကွယ်နိုင်မည့် နည်းလမ်းများ၊ တာတမံ ရေထုတ်၊ ရေနုတ်မြောင်းများနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ လယ်ယာမြေဥပဒေ၊ ရေချိုငါးလုပ်ငန်းဥပဒေ၊ ကျန်းမာရေး အသိပညာများကို ကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းပြီး မိမိတို့ကျေးရွာအတွက် လိုအပ်ချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ဌာန ၁၁ ဌာန ပါဝင်သော ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကိုပါ တစ်ပါတည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်စကားဝိုင်းဆွေးနွေးပွဲသို့ ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်ခုမှ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၆၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၅**

ရန်ကုန်(ရွှေဈေး) ၁၀၄၆၀၀၀ - ၁၀၄၆၀၀၀ မန္တလေး(ရွှေဈေး) ၁၀၄၆၀၀၀ - ၁၀၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၀၅/၈၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၀/၈၃၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၀/၆၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၄၆.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄.၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၆၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၁.၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၄.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၇၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၅.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၅၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၉၄၂၇




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ သဘာပတိအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

✪ **နိုင်ငံတော်သမ္မတမှ**

ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သဝဏ်လွှာဖတ်ကြား**

ရှေးဦးစွာ ကယားမျိုးနွယ်စု တိုင်းရင်းသားခေါင်းဆောင် သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ၂၀၁၉ ခုနှစ် (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဖတ်ကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၆၇) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ယခုကဲ့သို့ ပြည်နယ်နေ့များ ကျင်းပနိုင်ခြင်းသည် ပြည်ထောင်စု၏ သင်္ကေတဖြစ်ပါကြောင်း၊ ယခု တက်ရောက်လာကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို ကြည့်ပါက အသွေးအရောင်စုံလင်စွာဖြင့် မျိုးနွယ်စုများအလိုက် တက်ရောက်နိုင်ကြခြင်းသည် ပြည်ထောင်စုတစ်ခု၏ ပုံရိပ်ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတိုင်းတွင် သူ့အလှနှင့်သူ ကိုယ်စီရှိကြပါကြောင်း၊ ထို့အတူ မိမိတို့၏ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ မိဘပြည်သူများတွင်လည်း မိမိတို့၏မျိုးနွယ်အလိုက်၊ လူမျိုးစုအလိုက် အလှကိုယ်စီ ရှိကြပါကြောင်း၊ မိမိတို့တွင် ရှိပြီးသည့် အလှကိုယ်စီဖြင့် ပြည်ထောင်စုကြီးကို အလှတန်ဆာဆင်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ ပြည်ထောင်စုအစိုးရအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီး မခွဲခြားဘဲ၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထို့အတူ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ခံစားသင့် ခံစားထိုက်သည့်၊ ရသင့်ရထိုက်သည့် အခွင့်အရေးများကိုလည်း မိမိတို့ ဦးစားပေးပြီး ပံ့ပိုးလျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ဘာသာစကား၊ စာပေ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများ ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲစေရန်၊ ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မြှင့်တင်နိုင်ရန် မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရောင်စုံဖူးပွင့်ဝေဆာ**

တိုင်းရင်းသားကိုယ်စီကိုယ်စီ ညီအစ်ကိုမောင်နှမများအားလုံး မိမိတို့၏ ယဉ်ကျေးမှုအလှ၊ မိမိတို့၏ ဘာသာစကား၊ မိမိတို့၏ ထုံးတမ်းစဉ်လာတန်ဖိုးများသည် ပြည်ထောင်စု၏ ပန်းဥယျာဉ်ထဲတွင် ရောင်စုံဖူးပွင့်ဝေဆာနေသည့် အလှတရားများပင် ဖြစ်ပါကြောင်း၊ ယင်းအလှတရားများ တည်တံ့ခိုင်မြဲစေရန် မိမိတို့အနေဖြင့် ထပ်မံပြီး အလှပေါ် အယဉ်ဆင့်ဆိုသကဲ့သို့ မိမိတို့၏ ဖြူစင်သည့် စိတ်ထား၊ မှန်ကန်သည့် စေတနာ မနောအလှများဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောစေရန်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး နောင်မျိုးဆက်ကာလများတိုင်အောင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ တိုင်းရင်းသားအားလုံး ဝိုင်းဝန်းတည်ဆောက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကယားပြည်နယ်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာတွင် ကယန်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားတွင် ရိုးရာအားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေးစဉ်။

❖ စာမျက်နှာ ၃ မှ

ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ သဘာပတိအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ်နေ့ပွဲတော်ကွင်း၌ ကျင်းပပြုလုပ်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများနှင့် ရိုးရာအားကစားပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ ရောက်ရှိကြရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောစိန်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဒေသခံ ကယန်းတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး တိုင်းရင်းသားရိုးရာဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ရိုးရာယဉ်ကျေးမှုအကများအား လှည့်လည်ကြည့်ရှုပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဖြည့်စွက်ရှင်းလင်း**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ငွေတောင်ဆည်သို့ ရောက်ရှိကြပြီး ရှုရပ်မှနေ၍ ငွေတောင်ဆည် သဘာဝပတ်ဝန်းကျင်နှင့် ဆည်ရေထိန်းသိမ်းထားမှု အခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝေလွင်က ကယားပြည်နယ်အတွင်းရှိ ဆည်၊ ကန်၊ ရေလှောင်တမံများ အခြေအနေ၊ ငွေတောင်ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ နှစ်အလိုက် သီးနှံစိုက်ပျိုးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးသည် အဓိကကျသဖြင့် ဒေသ၏ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်စေရန် စိုက်ပျိုးရေလိုအပ်ချိန်တွင် လုံလောက်မျှတစွာ ဖြန့်ဝေပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ငွေတောင်ဆည်နှင့်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေရှည်တည်တံ့ရေးအတွက်လည်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လိုအပ်ချက်များရှိပါကလည်း ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တက်ညီလက်ညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ဘီလူးချောင်းဓာတ်အားပေးစက်ရုံများ နယ်မြေရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာတွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ငွေတောင်ဆည် သဘာဝပတ်ဝန်းကျင်နှင့် ဆည်ရေထိန်းသိမ်းထားမှုအခြေအနေကို ကြည့်ရှုစဉ်။

**တိုင်းရင်းသားကိုယ်စီကိုယ်စီ ညီအစ်ကိုမောင်နှမများအားလုံး မိမိတို့၏ ယဉ်ကျေးမှုအလှ၊ မိမိတို့၏ ဘာသာစကား၊ မိမိတို့၏ ထုံးတမ်းစဉ်လာတန်ဖိုးများသည် ပြည်ထောင်စု၏ ပန်းဥယျာဉ်ထဲတွင် ရောင်စုံဖူးပွင့်ဝေဆာနေသည့် အလှတရားများပင်ဖြစ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၄ မှ

ရှေးဦးစွာ နိုင်ငံတော်ဓာတ်အားစနစ်ဖြစ်ပေါ်လာပုံ သမိုင်းမှတ်တမ်းဗီဒီယိုကို ပြသပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ရှိနိုင်ငံတော်၏ တစ်နှစ်ထက်တစ်နှစ် ဓာတ်အားတိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုအခြေအနေ၊ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်နှင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ၅၅ ရာခိုင်နှုန်းရရှိရေး၊ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်မီးလင်းရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စီမံကိန်းများ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဘီလူးချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ အမှတ်(၁)၊ (၂)၊ (၃)နှင့် အထက်ဘီလူးချောင်းလျှပ်စစ်ဓာတ်အားစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေး ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ရန်၊ ဘီလူးချောင်းအမှတ် (၁)၊ (၂)၊ (၃) ဓာတ်အားပေးစက်ရုံများ တည်တံ့ခိုင်မြဲရေးအတွက် အဓိကအရေးကြီးသည့် အင်းလေးကန်ထိန်းသိမ်းရေးနှင့် မိုးဗြဲဆည် ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ ဖိအားမြင့်ရေပိုက်လိုင်းနှင့် ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ထားမှုအခြေအနေကို ကြည့်ရှုသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံ အမှတ်(၃)နှင့် အမှတ်(၂) စက်ရုံတို့၏ ဓာတ်အားထုတ်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် လွိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**ဂုဏ်ပြုဆုငွေများ ချီးမြှင့်**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် တိုင်းရင်းသားရိုးရာအကများအားကြည့်ရှုပြီး အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့က တိုင်းရင်းသားရိုးရာအကအဖွဲ့များအား လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်စဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့်အဖွဲ့ (၆၇)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# MyCO သို့မဟုတ် မြန်မာပြည်၏ ပထမဆုံး အွန်လိုင်းမှတ်ပုံတင်စနစ်

**မောင်ငိုက်ကာ**

DICA လို့ အများက ခေါ်ကြတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းတွေရဲ့ ကြိုးပမ်းဆောင်ရွက်မှုနဲ့ မြန်မာပြည်မှာ ပထမဆုံး e-Government အစီအစဉ်အဖြစ် ကုမ္ပဏီအွန်လိုင်းမှတ်ပုံတင်စနစ် (Myanmar Companies Online-MyCO) ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့က စတင်ကျင့်သုံးနိုင်ခဲ့ပါတယ်။ MyCO စတင်ကျင့်သုံးပြီးနောက်ပိုင်းမှာ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းတွေ လွယ်လွန်းလို့၊ မြန်လွန်းလို့ ဟုတ်မှဟုတ်ပါ့မလားလို့တောင် ထင်ရတယ်လို့ ပုဂ္ဂလိကစီးပွားရေး အသိုက်အဝန်းက ချီးမွမ်းထောမနာပြုခဲ့ကြပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ MyCO ဆိုတာ တစ်ရက်မှာ ၂၄ နာရီ၊ တစ်ပတ်မှာ ၇ ရက် ကမ္ဘာ့နေရာ အသီးသီးကနေ ကြိုက်တဲ့အချိန် ကုမ္ပဏီမှတ်ပုံတင် တင်နိုင်တဲ့စနစ်တစ်ခုပါ။ တစ်နည်းအားဖြင့် ပြောရရင်တော့ စိတ်ဝင်စားရင် တစ်ရေးနိုးထပြီး မှတ်ပုံတင်လို့ရအောင် လုပ်ထားတာပါ။

MyCO ဆိုတာ အစိုးရရဲ့ဝန်ဆောင်မှုကို အွန်လိုင်းက အပြည့်အဝပေးနိုင်အောင် ပထမဆုံးဆောင်ရွက်ခဲ့တဲ့စနစ်ပါ။ ကုမ္ပဏီမှတ်ပုံတင်တာတွေ၊ ကုမ္ပဏီသတင်းအချက်အလက် ရှာဖွေတာတွေကို ရုံးကို လာဖို့မလိုအောင် ဆောင်ရွက်ထားရုံသာမက ကုမ္ပဏီများအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ကိစ္စတွေ၊ ကုမ္ပဏီဆိုင်ရာ ဝန်ဆောင်မှုနဲ့ ပတ်သက်ပြီး ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပေးသွင်းရမယ့် အခကြေးငွေအားလုံးကိုလည်း လူလာစရာမလိုဘဲ အွန်လိုင်းက လုပ်နိုင်အောင် စီစဉ်ထားတာပါ။ MyCO မှာ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ အလုပ်လုပ်လို့ရပါတယ်။ တကယ်တော့ MyCO ဟာ မြန်မာပြည်အတွက် e-Government အစီအစဉ်ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်တာပါ။

**MyCO မှာ ဘာတွေလုပ်လို့ရသလဲ**

ကုမ္ပဏီအသစ် မှတ်ပုံတင်တာတွေ၊ ကုမ္ပဏီအဟောင်းတွေ ပြန်လည်မှတ်ပုံတင်တာတွေ၊ ကုမ္ပဏီတွေရဲ့ အပြောင်းအလဲ ဆောင်ရွက်လိုတာတွေ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပြန်တမ်းပို့တာတွေ၊ ကုမ္ပဏီဝန်ဆောင်ခ ပေးသွင်းတာတွေ အားလုံးကို www.myco.dica.gov.mm မှာ အလွယ်တကူ လုပ်လို့ရပါတယ်။ အသုံးပြုသူတွေဟာ မိမိသိလိုတဲ့ ကုမ္ပဏီတစ်ခုရဲ့ အချက်အလက်တွေကို MyCO မှာ ရှာဖွေနိုင်ရုံသာမက ကုမ္ပဏီအကျဉ်းချုပ် (Company Extract) လို့ခေါ်တဲ့ ကုမ္ပဏီဒါရိုက်တာနဲ့ ပတ်သက်တာတွေ၊ ရှယ်ယာတွေနဲ့ပတ်သက်တာတွေ စတဲ့ အသေးစိတ်အချက်အလက်တွေကိုလည်း မြန်မာငွေကျပ် တစ်သောင်းကို အွန်လိုင်းကသွင်းပြီး ဝယ်ယူနိုင်ပါသေးတယ်။

**MyCO ကို ဘယ်သူတွေ သုံးနိုင်သလဲ**

လူသားအားလုံး သုံးလို့ရပါတယ်။ မည်သူမဆို ကုမ္ပဏီများနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို အွန်လိုင်းမှာ အခမဲ့ရယူနိုင်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီတွေ၊ ဥပဒေပညာရှင်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေ စတဲ့ အခြား အသုံးပြုသူတွေအနေနဲ့ကတော့ MyCO မှာ ဝန်ဆောင်မှု ကျယ်ပြန့်စွာရယူလိုရင် စာရင်း (Account) တစ်ခု ဖွင့်ထားဖို့လိုပါတယ်။

**စာရင်း (Account) ဘယ်လိုဖွင့်မလဲ**

မည်သူမဆို MyCO မှာ အခမဲ့ စာရင်းဖွင့်နိုင်ပါတယ်။ စာရင်းဖွင့်ဖို့ မိနစ်အနည်းငယ်ပဲ ကြာပါတယ်။ ဘယ်လိုဖွင့်ရမှာလဲလို့ မေးခဲ့ရင်တော့ -

**အဆင့် (၁)** www.myco.dica.gov.mm ကို ဝင်ရောက်ပါ။ ပြီးရင် "စာရင်းအသစ်ဖွင့်ရန်" (Create an account) ဆိုတဲ့နေရာမှာ ကလစ်နှိပ်လိုက်ပါ။

**အဆင့် (၂)** အဲဒီလိုနှိပ်ပြီးရင် အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်စတဲ့ လိုအပ်တဲ့ အချက်အလက်တွေကို ဖြည့်လိုက်ပါ။ ဂရုပြုဖို့ကတော့ အီးမေးလ်မရှိလို့၊ မဖြည့်လို့ မရပါဘူး။ ပြီးရင်တော့ MyCO ကို အသုံးပြုတဲ့အတွက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ သဘောတူကြောင်း အမှတ်အသားပြထားတဲ့နေရာမှာ ကလစ်နှိပ်လိုက်ပါ။ ပြီးရင်တော့ နောက်တစ်ခါ MyCO ကို ဝင်ရောက်တဲ့အခါ ကိုယ်အသုံးပြုလိုတဲ့ ID နဲ့ စကားဝှက် (Password) ကို ရွေးချယ်လိုက်ပါ။ စကားဝှက်ကတော့ အနည်းဆုံး စာလုံး ခြောက်လုံးရှိဖို့ လိုပါတယ်။ အသေးစိတ် အားလုံးဖြည့်သွင်းပြီးတဲ့အခါ "သိမ်းဆည်းသည်" (Save) ကို ခလုပ်နှိပ်လိုက်ရင် စာရင်းအသစ်ဖွင့်လှစ်ခြင်း ပြီးမြောက်ပြီဖြစ်ပါတယ်။ ခဏနေရင် ကိုယ်ရဲ့အီးမေးလ်ထဲကို စာရင်းအသစ်ကို အတည်ပြုကြောင်း အကြောင်းကြားစာ ရောက်လာပါလိမ့်မယ်။ မှတ်သားဖို့ အချက်ကတော့ သုံးစွဲသူအများအပြား သုံးလို့ရမယ့် "စီးပွားရေးလုပ်ငန်းသုံးစာရင်း"ကိုလည်း စာရင်းအသစ်ရပြီးတဲ့အခါမှာ ဖွင့်လို့ရပါတယ်။

**MyCO ကို ဘယ်လိုသုံးမလဲ**

လွယ်လွယ်လေးပါ။ အောက်ကအဆင့်တွေအတိုင်း လုပ်ကြည့်လိုက်ပါ -

**အဆင့်(၁)** စာရင်းဖွင့်ပြီးရင် MyCO မူလစာမျက်နှာရဲ့ထိပ်မှာရှိတဲ့ "ဝင်ရောက်ရန်" (Log in) နေရာမှာ ကလစ်နှိပ်ပြီး ကိုယ့် ID နဲ့ Password ရိုက်ထည့်လိုက်ပါ။

**အဆင့်(၂)** ပြီးရင် ကုမ္ပဏီအသစ်ကို မှတ်ပုံတင်ချင်တာလား၊ ဒါမှမဟုတ် လက်ရှိကုမ္ပဏီကို ပြန်ပြီး မှတ်ပုံတင်ချင်တာလား၊ ဒါမှမဟုတ် ကုမ္ပဏီရဲ့အချက်အလက်တွေကို အပြောင်းအလဲ လုပ်ချင်တာလား၊ အားလုံးကို သက်ဆိုင်ရာ Link မှာ ကလစ်နှိပ်ပြီး လုပ်လို့ရပါပြီ။ Company Extract ဝယ်ချင်ရင်တော့ "ကုမ္ပဏီများရှာဖွေရန်" (Company Search) ဆိုတဲ့နေရာမှာ မိမိသိချင်တဲ့ ကုမ္ပဏီအမည်ကို ရိုက်ထည့်လိုက်ရုံပါပဲ။ အဲဒီလိုရိုက်လိုက်လို့ Company Profile ပေါ်လာတဲ့အခါ "အချက်အလက်များမှာယူခြင်း" (Order Documents) ကို ကလစ်နှိပ်လိုက်ရင်ရပါပြီ။

**အဆင့်(၃)** အဆင့် (၂) ပြီးသွားရင်တော့ ဝန်ဆောင်ခ ပေးရမယ့်အချိန် ရောက်ပါပြီ။ MyCO မှာ Credit Card/ Debit Card/MPU အားလုံးသုံးလို့ရပါတယ်။ တစ်နည်းအားဖြင့် Visa / Master စတာတွေ အလွယ်တကူသုံးနိုင်ပါတယ်။ မကြာခဏသုံးမယ့် ပုဂ္ဂိုလ်တွေက MyCO မှာ ကြိုတင်ငွေ သွင်းထားလို့လည်း ရပါသေးတယ်။ ကြိုတင်ငွေသွင်းထားတဲ့ အသုံးပြုသူတွေကတော့ တစ်ကြိမ်သွင်းပြီးရင် Card ထပ်သုံးစရာမလိုဘဲ ကြိုတင်ငွေ မကုန်မချင်း ဝန်ဆောင်မှုတွေ ရယူနိုင်ပါတယ်။

**ကုမ္ပဏီ၏ အခွင့်အာဏာ (Authority) ဆိုတာဘာလဲ**

MyCO ကတစ်ဆင့် ကုမ္ပဏီတစ်ခုဟာ ကုမ္ပဏီမှတ်ပုံတင်ရုံးကို မိမိကုမ္ပဏီကိစ္စ ဆက်သွယ်ဆောင်ရွက်တဲ့အခါ "ကုမ္ပဏီ၏ အခွင့်အာဏာ" (Company Authority) ရှိရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ရတဲ့အကြောင်းကတော့ အခွင့်အာဏာမရှိတဲ့သူတွေက MyCO ကိုသုံးပြီး ကုမ္ပဏီရဲ့ အရေးကိစ္စတွေကို ဝင်ရောက်ဆောင်ရွက်တာ မလုပ်နိုင်အောင် ကာကွယ်ထားတာပါ။ MyCO မှာ မှတ်ပုံတင်သူအားလုံး "ကုမ္ပဏီ၏အခွင့်အာဏာ"ကို အလိုအလျောက် ရရှိမှာဖြစ်ပါတယ်။ အဲဒီအခွင့်အာဏာရရှိသူမှသာ MyCO မှာ မိမိကုမ္ပဏီရေးရာကိစ္စတွေ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်စဉ်မှာ အီးမေးလ် ဖော်ပြထားတဲ့ ဒါရိုက်တာတွေထံ "ကုမ္ပဏီ၏ အခွင့်အာဏာ" ကို အလိုအလျောက်ပေးပို့သွားမှာ ဖြစ်ပါတယ်။ ဒါရိုက်တာတွေဟာ အဆိုပါအခွင့်အာဏာကို အခြားသူအား ပေးအပ်လို့၊ ဒါမှမဟုတ် ပေးထားပြီးသားကို ပြန်လည်ရုပ်သိမ်းလို့လည်း ရပါတယ်။

**မကြာခဏမေးကြတဲ့မေးခွန်းတွေ**

**MyCO မှာ အီးမေးလ်လိုအပ်သလား**

MyCO မှာ စာရင်းဖွင့်သူအားလုံး အီးမေးလ်ရှိဖို့လိုပါတယ်။ ဒါပေမယ့် MyCO ကို ဝင်ကြည့်ရုံသက်သက်ဆိုရင်တော့ အီးမေးလ်မလိုပါ။

**ID နဲ့ Password ပျောက်သွားရင် ဘာလုပ်ရမလဲ**

ကျေးဇူးပြုပြီး www.myco.dica.gov.mm ကို ပြန်သွားပြီး Log in ဝင်ပါ။ အဲဒီအချိန်မှာ "သင် Log in နဲ့ Password မေ့နေပြီလား" ဆိုတဲ့ မေးခွန်းတွေ့ပါလိမ့်မယ်။ အဲဒီမှာ ပေးထားတဲ့ Link အတိုင်း လိုက်ပါသွားလိုက်ပါ။ သင့်အီးမေးလ်မှာ ဘာဆက်လုပ်ရမလဲဆိုတာ အကြောင်းကြားလာပါလိမ့်မယ်။

**ကုမ္ပဏီတစ်ခုနဲ့ စီးပွားရေးလုပ်ချင်ပါတယ်၊ အဲဒီကုမ္ပဏီအခြေအနေအသေးစိတ်ကို MyCO မှာ ဘယ်လိုရှာနိုင်ပါသလဲ**

MyCO ထဲက "ကုမ္ပဏီများရှာဖွေရန်"(Company Search) ကို ကလစ်နှိပ်ပြီးသုံးပါ။ ကုမ္ပဏီတစ်ခုရဲ့ မှတ်ပုံတင်ရာဇဝင် (Filing History)၊ လိပ်စာ၊ ဒါရိုက်တာအမည် စတာတွေကို အခမဲ့ကြည့်လို့ ရပါတယ်။ အသေးစိတ်သိချင်ရင်တော့ Company Extract ကို ကုမ္ပဏီတစ်ခု ကျပ်တစ်သောင်းနှုန်းနဲ့ အွန်လိုင်းက ပေးချေဝယ်ယူကြည့်ရှုနိုင်ပါတယ်။

**ကုမ္ပဏီရဲ့ ဒါရိုက်တာတစ်ယောက်အနေနဲ့ ကိုယ့်ကုမ္ပဏီရဲ့ အသေးစိတ်အချက်အလက်တွေကို ဘယ်လိုကြည့်လို့ရမလဲ၊ ပုံစံတွေကို MyCO မှာ ဘယ်လိုတင်နိုင်မလဲ**

ကိုယ့်မှာရှိပြီးဖြစ်တဲ့ ကုမ္ပဏီ၏ အခွင့်အာဏာ (Company Authority)ကိုသုံးပြီး ကုမ္ပဏီရဲ့ အသေးစိတ် အချက်အလက် ကြည့်ရှုတာတွေ၊ ကုမ္ပဏီရေးရာကိစ္စတွေအားလုံးကို ဆောင်ရွက်လို့ရပါတယ်။

**မိမိကုမ္ပဏီရဲ့ "ကုမ္ပဏီ၏အခွင့်အာဏာ" ဘယ်သူတွေဆီမှာရှိနေသလဲ သိလိုပါတယ်**

MyCO ကို ဝင်ရောက်ပြီး ကိုယ့်ကုမ္ပဏီရဲ့အမည်ကို ရှာလိုက်ပါ။ Company Profile စာမျက်နှာမှာ "ကုမ္ပဏီ၏ အခွင့်အာဏာ" (Company Authority) အစိမ်းရောင်အကွက်ကို ကလစ်နှိပ်လိုက်ရင် ဘယ်သူတွေဆီမှာ Authority တွေရှိနေတယ်ဆိုတာ တွေ့ပါလိမ့်မယ်။

**တစ်ယောက်ယောက်ဆီမှာ ရှိနေတဲ့ "ကုမ္ပဏီ၏ အခွင့်အာဏာ"ကို ဘယ်လို ဖျက်လို့ရလဲ**

MyCO ကိုဝင်ရောက်ပြီး Company Authority ထဲမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေထဲက ကုမ္ပဏီနဲ့ မသက်ဆိုင်တဲ့သူ (သို့မဟုတ်) ဒါရိုက်တာမဟုတ်တဲ့သူရှိနေခဲ့ရင် အဲဒီအကွက်ထဲမှာရှိနေတဲ့ Revoke ဆိုတဲ့ နေရာမှာ ကလစ်နှိပ်လိုက်ရုံပါပဲ။

MyCO မှာ တော်တော်လေး လွယ်အောင်၊ ရှင်းအောင် လုပ်ထားပါတယ်။ တစ်နည်းအားဖြင့် အသုံးပြုသူတွေ အကျွမ်းတဝင်ရှိအောင် စီမံထားပါတယ်။ လုပ်ရင်းကိုင်ရင်းနဲ့ အခက်အခဲပေါ်လာရင်၊ နားမလည်တာရှိလာရင် DICA ဝန်ထမ်းတွေထံ ဖုန်း၊ Messenger၊ DICA Facebook က ဆက်သွယ်မေးမြန်းနိုင်တဲ့အပြင် DICA Website ရဲ့ Q&A မှာလည်း ဝင်မေးလို့ရပါတယ်။ ထပ်ပြောချင်တာက ကိုယ့်အိမ်၊ ကိုယ့်ရုံးမှာလုပ်လို့ အဆင်မပြေခဲ့ရင် ရန်ကုန်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာရှိနေတဲ့ DICA ရုံးတွေမှာ ထားရှိပေးတဲ့ Kiosk လို့ခေါ်တဲ့ အများပြည်သူသုံး ကွန်ပျူတာတွေမှာ ရုံးချိန်အတွင်း လာပြီး ဆောင်ရွက်မယ်ဆိုရင် DICA ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးဖို့ အသင့်ရှိနေကြောင်းကိုလည်း သတင်းကောင်းပါးလိုက်ပါတယ်။

> MyCO ဆိုတာ အစိုးရရဲ့ဝန်ဆောင်မှုကို အွန်လိုင်းက အပြည့်အဝပေးနိုင်အောင် ပထမဆုံးဆောင်ရွက်ခဲ့တဲ့စနစ်ပါ။ ကုမ္ပဏီမှတ်ပုံတင်တာတွေ၊ ကုမ္ပဏီသတင်းအချက်အလက်ရှာဖွေတာတွေကို ရုံးကိုလာဖို့မလိုအောင် ဆောင်ရွက်ထားရုံသာမက ကုမ္ပဏီများအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ဆက်သွယ်ဆောင်ရွက်ဖို့ လိုအပ်တဲ့ကိစ္စတွေ၊ ကုမ္ပဏီဆိုင်ရာ ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပေးသွင်းရမယ့် အခကြေးငွေအားလုံးကိုလည်း လူလာစရာမလိုဘဲ အွန်လိုင်းက လုပ်နိုင်အောင် စီစဉ်ထားတာပါ။ MyCO မှာ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ အလုပ်လုပ်လို့ ရပါတယ်

## ၂၀၁၈ ခုနှစ် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက် လူအားလုံး ဆေးကျွေးခြင်း အသိပညာပေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၅**

ဆင်ခြေထောက်ရောဂါသည် လတ်တလောသေစေနိုင်သော ရောဂါမဟုတ်သော်လည်း ခြေလက်အင်္ဂါ ပုံသဏ္ဌာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိသော ရောဂါတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော လျစ်လျူရှုခံ၊ အမေ့ခံ၊ အပစ်ပယ်ခံ အပူပိုင်းဒေသရောဂါ (Neglected Tropical Diseases) ၁၇ ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ကျင်းပသည့် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း တိုင်းဒေသကြီးအဆင့်အသိပညာပေးခြင်း အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နှင့် ပတ်သက်၍ ဆွေးနွေးကာ ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပညာပေးခြင်းကို ပရိုဂျက်တာဖြင့် ပြသခဲ့ပြီး တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

❍ ကျောဖုံးမှ
ဒသမအကြိမ်ထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး လွှတ်တော်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုများကြောင့် ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအား ဇန်နဝါရီ ၁၉ ရက်ထက် မစော၊ ၂၀ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန် ဖိတ်ကြားထားပြီးဖြစ်ပါကြောင်း၊ အစည်းအဝေးကာလသည် အချိန် နှစ်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် လိုအပ်သည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုစေလိုကြောင်း ပြောကြားသည်။

**အတွေ့အကြုံများစွာရရှိ**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် လွှတ်တော်ပုံမှန်အစည်းအဝေးများကို ပထမအကြိမ်မှ ဒသမအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်၍ အတွေ့အကြုံများစွာ ရရှိခဲ့ကြောင်း၊ ယခင်အတွေ့အကြုံများအရ လိုအပ်ချက်များအပေါ် ဖြည့်စွက်၍ ယခုကျင်းပမည့် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ဆက်လက်ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးကို တာဝန်ယူထားကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆွေးနွေးပြောကြားစဉ်။

**သတင်းစဉ်**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄/၂၀၁၉ )**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၅. ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၁/၂၀၁၈) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက် အမှတ်(၁၆၇/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၂၃၈၅<br>ဗိုလ်မှူးကြီး မိုးမင်းသိန်း | အစား | ကြည်း ၂၀၇၂၆<br>ဗိုလ်မှူးကြီး မောင်ဆန်း |
| (၂) | ရေ ၄၀၈၉<br>ဗိုလ်မှူး ဇော်မင်းဦး | အစား | ရေ ၃၈၅၆<br>ဗိုလ်မှူး ချစ်ညီညီ |
| (၃) | ကြည်း ၆၃၁၁၂<br>ဗိုလ်ကြီး ဒေါ်ဇင်ဇင်အောင် | အစား | ကြည်း ၆၃၁၀၈<br>ဗိုလ်ကြီး ဒေါ်သိမ့်သီရိထွေးအောင် |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆/၂၀၁၉ )**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ဇန်နဝါရီလ ၁၅ ရက်)

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၁၄. ၁၁. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၇) နှင့် ၁၅. ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၄၃၂၉<br>ဗိုလ်မှူး အောင်ဆန်းဝင်း | အစား | ကြည်း ၃၉၇၀၆<br>ဗိုလ်မှူး ဝင်းသက်နိုင်မြင့် |
| (၂) | ကြည်း ၄၃၂၀၃<br>ဗိုလ်ကြီး ဖြိုးဝေမြင့် | အစား | ကြည်း ၅၆၆၇၁<br>ဗိုလ်ကြီး ထင်ဦး |

**ချင်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၃) | ကြည်း ၄၃၃၆၇<br>ဗိုလ်ကြီး ဖြိုးဖြိုး | အစား | ကြည်း ၅၆၀၇၁<br>ဗိုလ်ကြီး ဉာဏ်လင်းဖြိုး |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၄၅၀၂၀<br>ဗိုလ်ကြီး ဖြူဝင်း | အစား | ကြည်း ၅၂၆၃၁<br>ဗိုလ်ကြီးတင်မောင်လွင် |
| (၅) | ကြည်း ၄၅၅၇၇<br>ဗိုလ်ကြီး မျိုးထွန်းလင်း | အစား | ကြည်း ၅၁၈၄၉<br>ဗိုလ်ကြီး နေလွင်ထူး |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၆) | ကြည်း ၂၁၈၆၉<br>ဗိုလ်မှူး ခင်မောင်မြင့် | အစား | ကြည်း ၃၇၉၀၉<br>ဗိုလ်မှူး အေးလင်းထွန်း |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၇) | ကြည်း ၃၉၉၇၇<br>ဗိုလ်ကြီး ကျော်သူဝင်း | အစား | ကြည်း ၃၉၃၈၂<br>ဗိုလ်ကြီး ဟန်လင်းထွန်း |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅/၂၀၁၉ )**
၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၄. ၁၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆)၊ ၁၅. ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၂/၂၀၁၈) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၈/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၈၀၁<br>ဗိုလ်မှူး တင်လတ် | အစား | ကြည်း ၂၈၇၃၃<br>ဗိုလ်မှူး ဝင်းလွင်ဦး |
| (၂) | ကြည်း ၃၅၃၅၇<br>ဗိုလ်မှူး သက်ဝင်း | အစား | ကြည်း ၂၈၃၄၀<br>ဗိုလ်မှူး ကျော်မိုးနိုင် |
| (၃) | ကြည်း ၃၇၂၆၄<br>ဗိုလ်မှူး သက်မင်းဦး | အစား | ကြည်း ၃၈၀၆၆<br>ဗိုလ်မှူး တင်အောင်ဟိန်း |
| (၄) | ကြည်း ၆၃၁၀၆<br>ဗိုလ်ကြီး ဒေါ်ပန်းအိစံ | အစား | ကြည်း ၆၃၀၉၈<br>ဗိုလ်ကြီး ဒေါ်ဝင်းသီရိဆွေ |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

☆ ၂၀၁၉ ခုနှစ်မှ

လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများ၊ နာဂမျိုးနွယ်စုတိုင်းရင်းသား ခေါင်းဆောင်များ၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်အလံအလေးပြု၍ ဖွင့်လှစ်ပြီး အခမ်းအနားသဘာပတိ နာဂတိုင်းရင်းသား ဦးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယနေ့သည် နာဂတိုင်းရင်းသားများ၏ ၂၀၁၉ ခုနှစ် ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် နာဂတိုင်းရင်းသားများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု ဆုတောင်းမေတ္တာပို့သရင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။



နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂမျိုးနွယ်စုများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

**နှစ်သစ်ကူးပွဲတော်အဖြစ်သတ်မှတ်**

ယခုနှစ် ကျင်းပပြုလုပ်သော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို တက်ရောက်ခွင့်ရသည့်အတွက် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်မိသည်ကိုလည်း ပြောကြားလိုပါကြောင်း။

နာဂတိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်ကို မိရိုးဖလာတောင်ယာလုပ်ငန်းခွင်နှင့် လယ်ယာလုပ်ငန်းခွင်များမှ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးသည့် နောက်နှစ်သစ်တောင်ယာနှင့် လယ်ယာလုပ်ငန်းခွင်မဝင်မီ ကျင်းပသည်ကို သိရှိရပါကြောင်း။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခင်က နှစ်စဉ်ကျေးရွာအလိုက်ကျင်းပခဲ့ပြီး ၁၉၅၆-၁၉၅၇ ခုနှစ်တွင် နာဂတိုင်းရင်းသားအကြီးအကဲများ၏ ဦးဆောင်မှုနှင့် မြို့နယ်အဆင့်နှစ်သစ်ကူးပွဲတော်များကို ကျင်းပခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် နာဂမျိုးနွယ်စု အကြီးအကဲများ၏ ညှိနှိုင်းတိုင်ပင်မှုဖြင့် ဇန်နဝါရီ ၁၅ ရက်ကို နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပါကြောင်း။

**တည်ငြိမ်အေးချမ်းမှုကို ပြသနေ**

၁၉၉၃ ခုနှစ်မှစပြီး နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ပါကြောင်း၊ ၂၀၀၁ ခုနှစ်မှစပြီး နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နိုင်ငံတော်အဆင့်အဖြစ် နာဂဒေသ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များတွင် ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် (၁၉)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း။

နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ယခုပွဲတော်၌ မိမိတို့အချင်းချင်း နှစ်ဟောင်းတွင် တွေ့ခဲ့ရသော အတွေ့အကြုံများ ဖလှယ်နိုင်ကြပါစေ၊ နှစ်သစ်မှာ ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို ကြိုတင်ဖြေရှင်းနိုင်မည့် အစီအမံများကိုလည်း ချမှတ်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု၊ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ ၅ ခုရှိပါကြောင်း၊ နာဂလူမျိုးများ၏ သမိုင်းကြောင်းကို လေ့လာရာ၌ မျိုးနွယ်စုကြီး ၄ စုနှင့် မျိုးနွယ်စုငယ် ၁၀၀ ကျော်ရှိသည်ဟု သိရပါကြောင်း၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုများ မပျောက်ပျက်စေရန် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရပါကြောင်း၊ ယခုကဲ့သို့ နာဂဒေသဖွံ့ဖြိုးတိုးတက်လာခြင်းသည် နာဂဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ပြသနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးမှုကွာခြားချက် နည်းနိုင်သမျှနည်းစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်**

နိုင်ငံတော်အစိုးရအနေဖြင့် စတင်တာဝန်ယူရသည့်အချိန်မှစပြီး ရည်မှန်းချက် (၃)ရပ် ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များမှာ -

(၁) တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊

(၂) အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့်

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ဖြစ်ပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်မှန်းချက်အတိုင်း ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် အစီအမံများ ချမှတ်အကောင်အထည်ဖော်သည့်နေရာတွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသကဲ့သို့ အလှမ်းဝေးသော နယ်စပ်ဒေသတွင်ရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာအောင်လည်း ကြိုးစားစီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အပြည့်အဝဖော်ဆောင်နိုင်မည်**

ပြည်သူများမျှော်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက်လက်ရှိအခြေအနေအရ အလိုအပ်ဆုံးသောအရာသည် ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိရေးဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လက်နက်ကိုင်ပဋိပက္ခများ မရှိမှသာလျှင် စစ်မှန်သောငြိမ်းချမ်းရေးကိုရရှိမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေ စိုးမိုးရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဟူသည့် ကဏ္ဍအသီးသီးမှာ ကောင်းမွန်ချောမွေ့စွာ စီမံဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

**လက်မှတ်ရေးထိုးထား**

ထိုသို့သော အကြောင်းအချက်များကြောင့်လည်း နှစ်ပေါင်း(၇၀)ကျော် ကြာမြင့်နေပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) လမ်းကြောင်းအတိုင်း နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းနိုင်ရန် တွေ့ဆုံဆွေးနွေးရေးမူကို အခြေခံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများကို ကျင်းပလျက်ရှိပါကြောင်း၊ ယခုအခါ ရလဒ်ကောင်းအဖြစ် အခြေခံမူ (၅၁) ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)ခုအဖြစ် လက်မှတ်ရေးထိုးထားနိုင်ပြီဖြစ်ပါကြောင်း။

ဆက်လက်ပြီး အားလုံးပါဝင်ရေးဟူသော သဘောတရားအရ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်များသာမက NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပါ အလွတ်သဘော တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်**

အမှန်စင်စစ် မိမိတို့ ပြည်ထောင်စုကြီး အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲ၍ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများရှိသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဖြစ်ပေါ်လာပြီး ဒေသတွင်းနိုင်ငံများနှင့် တန်းတူနိုင်ရေး၊ နိုင်ငံတကာမျက်နှာစာတွင်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်နှင့် အဆင့်အတန်း ကောင်းမွန်မြင့်မားလာရေးသည် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စုစည်းညီညွတ်သောအား၊ စုပေါင်းအင်အားဖြင့်သာ ကြိုးပမ်းဆောင်ရွက်မှ ရရှိနိုင်မည်ကို အလေးအနက် ပြောကြားလိုပါကြောင်း။

**စာမျက်နှာ ၉ သို့ » »**

» » **စာမျက်နှာ ၈ မှ**

နာဂတိုင်းရင်းသားများ မှီတင်းနေထိုင်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်၊ တော၊ တောင်၊ ရေမြေ၊ သစ်တော၊ စိမ့်စမ်းများနှင့် အလွန်လှပသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ သဘာဝအလှအပများနှင့် နာဂတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းအဖြစ် ရှိနေပါကြောင်း၊ ခရီးသွားလုပ်ငန်းများကို အခြေပြုပြီး ဒေသတွင်နေထိုင်ကြသည့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

**ဆုတောင်းမေတ္တာပို့သ**

ထို့ကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမှာ ဖြစ်သလို နာဂတိုင်းရင်းသားများနှင့်တကွ ဒီဒေသတွင် လာရောက်တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့်လည်း ဆက်လက်ပါဝင်ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နာဂတိုင်းရင်းသားများသည် နိုင်ငံတော်အစိုးရမှ လျှောက်လှမ်းနေသော ငြိမ်းချမ်းရေးတည်ဆောက်မှုလမ်းကြောင်းပေါ်တွင် အတူလိုက်ပါနိုင်ကြပါစေ၊ နှစ်ဟောင်းက အတွေ့အကြုံများကို ဖလှယ်ပြီး နှစ်သစ်အတွက် ပိုမိုကောင်းမွန်သော အစီအမံများ ချမှတ်နိုင်ကြပါစေ၊ နှစ်သစ်တွင် ရာသီဥတု ကောင်းမွန်ပြီး စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ဖြစ်ထွန်းကြပါစေ၊ ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွဋ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး ဦးထွန်းနိုင်သူက နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေထံ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နှစ်သစ်ကူးလက်ဆောင်ပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းအား ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေအား နာဂဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက နှစ်သစ်ကူး အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်နှင့် တာဝန်ရှိသူများက ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို)မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

**ဂုဏ်ပြုဆုများပေးအပ်**

ထို့နောက် အခမ်းအနားသဘာပတိ နာဂတိုင်းရင်းသား ဦးအောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး နာဂမျိုးနွယ်စုများက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒေသခံများနှင့်အတူ ရိုးရာပန်အဆောက်အအုံအတွင်းရှိ ရိုးရာပန်တုံးကို တီးခတ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ပြသထားသည့် ရက်ကန်းနှင့် လက်မှုပြခန်း၊ တိုင်းရင်းဆေးနှင့် ဗေဒင်ပြခန်း၊ ဘုံပြခန်းနှင့် ဝန်ကြီးဌာနများ၏ ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုပြီး နာဂရိုးရာအကအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု(ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးအောင်ထွဋ်တို့က နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအား မီးထွန်းညှိဖွင့်လှစ်ပေးပြီး နာဂမျိုးနွယ်စုအလိုက် အကအဖွဲ့များက ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲ ကျင်းပစဉ်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာ၊ လှဖိုးခေါင်ကြားစခန်း၊ ရွှေဇားကျေးရွာနှင့် ပန်းတောပြင်(အလယ်)ရွာတို့သို့ လိုက်လံကြည့်ရှု

**စစ်တွေ ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာ၊ လှဖိုးခေါင်ကြားစခန်း၊ ရွှေဇားကျေးရွာနှင့် ပန်းတောပြင်ကျေးရွာတို့သို့ လိုက်လံကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာသို့ ရောက်ရှိပြီး ဂျပန်နိုင်ငံအစိုးရ၏လှူဒါန်းငွေဖြင့် နေအိမ်များတည်ဆောက်နေမှုအား ကြည့်ရှုရာ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် နေအိမ်များ စတင်တည်ဆောက်နေမှုနှင့် နေအိမ်များတည်ဆောက်ရန် မြေကြီးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုသည်။

**ဆောက်လုပ်လှူဒါန်းသွားမည်**

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းတောင်ကျေးရွာတွင် သံဖရိန်ဖြင့် လူနေအိမ် ၅၁ လုံး၊ အိုးထိန်းကျေးရွာတွင် အလုံး ၅၀ တို့နှင့် ကျေးရွာတစ်ရွာစီတွင် Community Hall တစ်ခုစီကိုပါ ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများသည် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြားစခန်း၌ ယာယီအိပ်ဆောင်များ၊ လုံခြုံရေးအဆောင်၊ ဆေးခန်း၊ စားသောက်ဆောင်၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လမ်း၊ ရိက္ခာနှင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့ ရွှေဇားကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။**

ယင်းနောက် ဒုတိယဝန်ကြီးများသည် ကြားစခန်းရှိဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးများသည် ရွှေဇားကျေးရွာသို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အစ္စလာမ်ဘာသာဝင် ကလေးငယ်များ စာသင်နေမှုနှင့် ရွှေဇားကျေးရွာတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းကာ ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းပြီး ရခိုင်ပြည်နယ်အရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ဒုတိယဝန်ကြီးများသည် မောင်တောမြို့ ပန်းတောပြင်(အလယ်)ရွာသို့ ရောက်ရှိကြပြီး ဂျပန်နိုင်ငံအစိုးရနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့ ပူးပေါင်း၍ ပန်းတောပြင်ကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာတို့တွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များအတွက် စားနပ်ရိက္ခာများ ဖြန့်ဝေမှုများကို ကြည့်ရှုပြီး ကျေးရွာနေအစ္စလာမ်ဘာသာဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် ညနေပိုင်းတွင် မောင်တောမြို့မှ စစ်တွေမြို့သို့ ရဟတ်ယာဉ်ဖြင့်ထွက်ခွာပြီး စစ်တွေမြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေး ပန်းတောပြင်ကျေးရွာမှ အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံစဉ်။**

# ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရခိုင်ပြည်နယ်ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတိုရှိကိုအာဘေးသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ခရီးစဉ်နှင့်ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက "ဒီတစ်ခေါက် ကျွန်မအနေနဲ့ မြန်မာနိုင်ငံကို ပထမဦးဆုံးရောက်ရှိလာတာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒုတိယဝန်ကြီးအဖြစ် တာဝန်မယူခင်မှာ ဘင်္ဂလားဒေ့ရှ်က ကော့ဘဇားရ်ကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အရင်ကတည်းက ကျွန်မအနေနဲ့ ရခိုင်ပြည်နယ်ဘက်ကို သွားရောက်ပြီး မြန်မာဘက်က တာဝန်ရှိသူများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့ ပြောကြားချက်ကို နားထောင်ဖို့ စဉ်းစားခဲ့ပါတယ်။"

"ဒီနေ့ ရခိုင်ပြည်နယ်ကို သွားရောက်ကြည့်ရှုလေ့လာပြီး ဒေသခံပုဂ္ဂိုလ်များရဲ့ ပြောကြားချက်တွေကိုလည်း နားထောင်ခဲ့ပါတယ်။ ဒီကိစ္စက လွယ်လွယ်ကူကူ ဝေဖန်သင့်တဲ့ကိစ္စ မဟုတ်ဘဲနဲ့ ရှုပ်ထွေးနက်နဲတဲ့ ကိစ္စဖြစ်တယ်ဆိုတာကို ထပ်မံပြီးတော့ ခံစားရပါတယ်။ ဒီနေ့ကြည့်ရှုလေ့လာခဲ့တဲ့ ဒေသကိုအခြေခံပြီး မနက်ဖြန် နေပြည်တော်မှာ မြန်မာအစိုးရ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးသွားမှာဖြစ်ပါတယ်။"

"ရခိုင်ပြည်နယ်ကိစ္စက သမိုင်းကြောင်းရှည်ကြာပြီး ဖြစ်ခဲ့တဲ့ကိစ္စဖြစ်တဲ့အတွက် ချက်ချင်းဖြေရှင်းနိုင်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာကို နားလည်ဖို့က အရေးကြီးပါတယ်။ ဂျပန်နိုင်ငံအတွက် အရေးကြီးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအတွက် ဂျပန်အစိုးရအနေနဲ့ မြန်မာအစိုးရနဲ့ အတူ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ ထုတ်ပြန်မှုနဲ့ ပတ်သက်ပြီး ဆက်လက်ပြီး ကြိုးပမ်းသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါရှင်းလင်းပွဲသို့ ဂျပန်သတင်းဌာနများနှင့်အတူ ဖိတ်ကြားထားသည့် ပြည်တွင်းမီဒီယာများ တက်ရောက်ကြပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားသည်။

"ရခိုင်ကိစ္စနဲ့ပတ်သက်ပြီး မြန်မာအစိုးရနဲ့ UN နဲ့ သဘောတူချုပ်ဆိုခဲ့တာ ခြောက်လရှိပါပြီ။ အခုဆိုရင် စီမံကိန်းတွေကို မစသေးတဲ့အခြေအနေမှာ ရှိပါတယ်။ အဲဒီအပေါ် ဒုတိယဝန်ကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ" ဟု မေးမြန်းရာ ဒုတိယဝန်ကြီးက "ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အရေးကြီးတာကတော့ မလုပ်နိုင်သေးတာ မဟုတ်ဘဲနဲ့ ဘာကြောင့် မလုပ်နိုင်သေးတာလဲဆိုတာကို စဉ်းစားဖို့က အရေးကြီးပါတယ်။ မနက်ဖြန်မှာ နေပြည်တော်ကို သွားပြီးတော့ မြန်မာအစိုးရဘက်က တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အသေးစိတ်ကိုတော့ အခုချိန်မှာတော့ မပြောနိုင်သေးပါဘူး"ဟု ဖြေကြားသည်။

"ခုနက ဒုတိယဝန်ကြီး ပြောသွားတဲ့ထဲမှာ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွားမှုကို ပိုမိုပြင်းထန်လာတယ်လို့ ပြောသွားတာ ရှိပါတယ်၊ အခု EU က GSP ကို ပြန်လည်သုံးသပ်ဖို့ ပြောနေတာ ရှိပါတယ်။ အခုဂျပန်အစိုးရအနေနဲ့ ဘယ်လို မြင်ပါသလဲလို့ မေးချင်ပါတယ်။ နောက်တစ်ချက်ကတော့ ရခိုင်ပြည်နယ်မှာ ရင်းနှီးမြှုပ်နှံမှု Holder ကို ဂျပန်က ဆောင်ရွက်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ အဲဒီရင်းနှီးမြှုပ်နှံမှု Holder ရဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာကို သိချင်ပါတယ်"ဟု မေးမြန်းရာ ဒုတိယဝန်ကြီးက "EU GSP ကိစ္စရယ်၊ ဂျပန်အစိုးရအနေနဲ့ နောက်ပိုင်း ဘယ်လို ဆောင်ရွက်မလဲဆိုတာက ဒီတစ်ခေါက် ကျွန်မ မြန်မာပြည်ကို အခုရောက်ခဲ့တဲ့ ဒေသတွေကို အခြေခံပြီး ထပ်မံပြီးတော့ ဂျပန်ပြည်မှာ ထုတ်ပြန်ပေးမှာဖြစ်ပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

"ဒုတိယဝန်ကြီးအနေနဲ့ ကော့ဘဇားရ်နဲ့ ရခိုင်ပြည်နယ်ကို နှစ်နေရာလုံး ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကော့ဘဇားရ်မှာ နေလာတဲ့သူများက တစ်နှစ်ကျော်လာပြီဖြစ်ပြီး ယခုအခါ ဘာကြောင့် ပြန်မလာတာလဲဆိုတာကို ဒုတိယဝန်ကြီးအနေနဲ့ ဘယ်လိုထင်ပါသလဲ" ဟု မေးမြန်းရာ ဒုတိယဝန်ကြီးက "ကျွန်မ ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင်တော့ ဒီလိုအခြေအနေမျိုးမှာ အများဆုံး ဒုက္ခခံနေရတာက အမျိုးသမီးတွေနဲ့၊ ကလေးငယ်တွေ ဖြစ်ပါတယ်။ သူတို့က အနာဂတ်မှာ မျှော်လင့်ချက်တွေရှိနေတဲ့အခြေအနေကို မျှော်လင့်နေတယ်လို့ ယူဆရပါတယ်။ ဒီကိစ္စက အစောပိုင်းကပြောခဲ့သလို သမိုင်းကြောင်းလည်း ရှိခဲ့တယ်။ ရှုပ်ထွေးတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်မတို့ရဲ့ ဂျပန်အစိုးရအနေနဲ့ ဘင်္ဂလားဒေ့ရှ်အစိုးရ၊ မြန်မာပြည်အစိုးရ နှစ်ဖက်လုံးနဲ့ ဆွေးနွေးနိုင်တယ်ဖြစ်တဲ့အတွက် ဂျပန်အနေနဲ့ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

"ရခိုင်ပြည်နယ်ရဲ့ လက်ရှိ မျက်မြင်တွေ့ရှိမှု အခြေအနေနဲ့ နိုင်ငံတကာ၏ အမြင်များ ဘယ်လို ကွာခြားမှု ရှိသလဲ" ဟုမေးမြန်းရာ ဒုတိယဝန်ကြီးက "နှစ်ဖက်စလုံးက ပြောကြားချက်တွေကို နားထောင်ပြီးတော့ ကျွန်မ သုံးသပ်ထားတာပါ။ မြန်မာအစိုးရက တတ်နိုင်သလောက် ကြိုးစားထားတာတွေ ရှိပါတယ်။ ဒါပေမယ့် အဲဒီကြိုးစားမှု၊ ဆောင်ရွက်မှုတွေကို နိုင်ငံတကာအသိုင်းအဝိုင်းကို မထုတ်ပြန်နိုင်တဲ့ အခြေအနေတွေရှိတယ်လို့ ခံစားရပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ "လက်ရှိမှာ ဂျပန်နိုင်ငံရဲ့ ကူညီထောက်ပံ့မှုက ဘယ်လိုရှိနေသလဲ" ဟု မေးမြန်းရာ ဒုတိယဝန်ကြီးက "ဒီနေ့ ရခိုင်ပြည်နယ်ခရီးစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အတူသွားခဲ့တာ ဖြစ်ပါတယ်၊ အိုးအိမ် အပါအဝင် ပတ်ဝန်းကျင်ကို ပြင်ဆင်ဖို့ လိုအပ်တယ်လို့ ခံစားမိပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက "ပြီးခဲ့တဲ့ ဒီဇင်ဘာလက မြန်မာ့တပ်မတော်က မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို လေးလတာ စစ်ဆင်ရေးလှုပ်ရှားမှုတွေကို ရပ်ဆိုင်းသွားမယ်လို့ ကြေညာတာကို ထောက်ခံကြိုဆိုပါတယ်။ တစ်ဖန် အရှေ့မြောက်ပိုင်း ဒေသခံများ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့တွေ အလျင်အမြန်ရရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ကူညီသွားပါမယ်"ဟု ပြောကြားသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ပင်လုံပုံရိပ်

❖ ချစ်ခင်သွေးစည်း၊ တစ်သားတည်းဟု
ခိုင်ဖြိုးအင်အားပြခဲ့သည်...

❖ အညာ အကြေ၊ တောင်ပေါ် မြေပြန့်
နေရာမခြား၊ ဒို့သွေးသားဟု
ဝင့်ကြွားဟစ်ကြွေးနိုင်ခဲ့သည်...

❖ ကချင်၊ ကယား၊ ကရင်၊ ချင်း
ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း
မခွဲတမ်းဟေ့
တစ်ဝမ်းတည်းဖွား၊ သားချင်းများဟု
သိကြားသက်သေ ထူခဲ့သည်...

❖ ဩ... ပင်လုံပုံရိပ်၊ ပင်လုံစိတ်ထား
နလုံးသားသည်
"အား"များပေါင်းစု၊ ညီညွတ်မှုဟု
တွေးရှုမြော်မြင်၊ မြဲဆင်ခြင်လျက်
ပြည်ခွင်နောင်ရေး၊ ကြောင့်ကြဝေးအောင်
ဒို့သွေးဒို့သား၊ တိုင်းရင်းသားတို့
ကြိုးစားထိန်းသိမ်း နိုင်စေသတည်း။ ။
ပြည်ထောင်စုကြီး ရှေ့ခရီး ။ ။

မျိုးမြတ်မြတ်မြင့်မောင်

(၇၂ နှစ်မြောက် ပြည်ထောင်စုနေ့သို့ ဂုဏ်ပြုလျက် ...)

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၈၁၄၃ သန်း ဆောင်ရွက်နိုင်၊ ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၂၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၉၈ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၄၅ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၄၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၅၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၆၂ သန်းဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၀၁၇ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၁၄၃ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တွင် ၁၇ ဒေါ်လာသန်း လျော့နည်းခဲ့သောကြောင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -**

**တန်ဖိုးဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက် (+/-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၇၃၉.၆၈၆ | ၇၃၇.၇၆၈ | ၁.၉၁၈ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၇၀.၇၈၄ | ၁၃.၂၀၆ | ၁၅၇.၅၇၈ |
| ၃ | ရေထွက်ပစ္စည်းများ | ၂၂၅.၁၀၀ | ၁၉၄.၁၆၅ | ၃၀.၉၃၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၂၉၃.၀၀၇ | ၃၇၉.၂၇၉ | -၈၆.၂၇၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၄၇.၁၆၂ | ၅၀.၀၈၆ | -၂.၉၂၄ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၁၉၂၂.၁၃၀ | ၁၆၇၆.၅၄၁ | ၂၄၅.၅၈၉ |
| ၇ | အခြားပစ္စည်းများ | ၁၉၉.၇၈၄ | ၄၀၄.၁၃၅ | -၂၀၄.၃၅၁ |
| | စုစုပေါင်း | ၃၅၉၇.၆၅၃ | ၃၄၅၅.၁၈၀ | ၁၄၂.၄၇၃ |

**ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း လျော့နည်းတင်သွင်းခဲ့ပါသည်-**

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၇-၂၀၁၈ (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက် (+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၅၁၃.၂၅၁ | ၁၅၃၆.၁၀၉ | -၂၂.၈၅၈ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၈၈၉.၃၂၁ | ၁၉၅၅.၁၆၆ | -၆၅.၈၄၅ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၁၄၂.၉၅၄ | ၁၀၇၀.၈၇၁ | ၇၂.၀၈၃ |
| | စုစုပေါင်း | ၄၅၄၅.၅၂၆ | ၄၅၆၂.၁၄၆ | -၁၆.၆၂၀ |

## ဆီဆိုင်မြို့နယ်၌ ဘိန်းခင်းများအား ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ၌ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး တင်ဝင်းအောင် ဦးစီးပူးပေါင်းအဖွဲ့သည် အမြင့် နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်အား ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

ကြေးမုံ
ဇန်နဝါရီ ၁၆၊ ၂၀၁၉

# အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးမတိုင်မီ သမ္မတထရန့်က ခေါင်းဆောင်ကင်ထံ စာတစ်စောင်ပေးပို့

**ဝါရှင်တန် ဇန်နဝါရီ ၁၅**
အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲကျင်းပရန် စီမံမှုများ ပြုလုပ်လျက် ရှိစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ထံ စာတစ်စောင် ယနေ့ပေးပို့ခဲ့ကြောင်း သတင်းများအရ သိရသည်။

သမ္မတထရန့်က ခေါင်းဆောင် ကင်ဂျုံအန်ထံ စာတစ်စောင်ပေးပို့ခဲ့သည်ဟု ခိုင်မာသည့်သတင်းရပ်ကွက်တစ်ခု၏ ပြောကြားချက်အား ကိုးကားပြီး စီအင်န်အင်န်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၂ ရက်က ခေါင်းဆောင် ကင်ဂျုံအန်ထံမှ စာတစ်စောင်ရရှိခဲ့ကြောင်းနှင့် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို မကြာမီကျင်းပသွားမည်ဖြစ်သည်ဟု သမ္မတထရန့်က ဖွင့်ဟပြောကြားခဲ့သည်။

မြောက်ကိုရီးယား အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုသည် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး မကျင်းပမီ ဝါရှင်တန်မြို့သို့ ယခုရက်သတ္တပတ်အတွင်း လာရောက်ကာ အစည်းအဝေးပွဲအတွက် စီစဉ်မှုများ လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု စီအင်န်အင်န်သတင်းဌာနက သတင်းဖော်ပြသည်။

ကင်ယောင်ချိုသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ လက်ထောက်တစ်ဦးဖြစ်သည့်အပြင် အမေရိကန်နှင့် ကျင်းပခဲ့သည့် အစည်းအဝေးပွဲနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရသူတစ်ဦးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# ဂျာမနီတွင် လေဆိပ်ဝန်ထမ်းများ၏ သပိတ်ကြောင့် လေကြောင်းခရီးစဉ် ရာနှင့်ချီ ဖျက်သိမ်းခဲ့ရ

**ဘာလင် ဇန်နဝါရီ ၁၅**
ဂျာမနီနိုင်ငံတွင် လေဆိပ်လုံခြုံရေးလုပ်သားများ၏ လစာတိုးမြှင့်ရရှိရေး သပိတ်မှောက်လှုပ်ရှားမှုများ ပိုမိုနက်ရှိုင်းလာပြီး ၎င်းဝန်ထမ်းများ၏ အလုပ်ခွင်မှ ထွက်ခွာမှုများကြောင့် ဂျာမနီနိုင်ငံ၏ လေကြောင်းသယ်ယူပို့ဆောင်ရေးတွင် အလုပ်အများဆုံးဖြစ်သည့် ဖရန့်ဖက်လေဆိပ် အပါအဝင် လေဆိပ်ရှစ်ခု၌ ဇန်နဝါရီ ၁၅ ရက်တွင် လေကြောင်းခရီးစဉ် ရာနှင့်ချီကာ ဖျက်သိမ်းခဲ့ရကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။




လေဆိပ်လုံခြုံရေးဝန်ထမ်းများ သပိတ်သည် ဇန်နဝါရီ ၁၅ ရက်နံနက် ၂ နာရီမှ ည ၈ နာရီထိ ကြာမြင့်မည်ဖြစ်ပြီး ဖရန့်ဖက်၊ မြူးနစ်၊ ဟန်နိုဗာ၊ ဘရီမင်၊ ဟမ်းဘာ့ဂ်၊ လိုက်ပဇစ်၊ ဒရက်စ်ဒင်နှင့် အာဖွတ်လေဆိပ်များ၌ သပိတ်မှောက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ၏ ဩဇာကြီးမားသော ဗာဒီအလုပ်သမား အစည်းအရုံးက ပြောကြားသည်။

ယင်းလေဆိပ် လုံခြုံရေးဝန်ထမ်းများ သပိတ်ကြောင့် ခရီးသည် ၂၂,၀၀၀ တို့၏ လေကြောင်းခရီးစဉ်များမှာ ဖျက်သိမ်း သို့မဟုတ် ရွှေ့ဆိုင်းမှုများ ဖြစ်ပေါ်ခဲ့သည်ဟု လေဆိပ်များဆိုင်ရာ အစည်းအရုံး (အေဒီဗွီ) ကပြောကြားသည်။ **အေအက်ဖ်ပီ**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ရုရှားနှင့် ဆွစ်ဇာလန်သို့ သွားရောက်မည်

**တိုကျို ဇန်နဝါရီ ၁၅**
ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် လာမည့်ရက်သတ္တပတ်တွင် ရုရှားနှင့် ဆွစ်ဇာလန်နိုင်ငံများသို့ သွားရောက်ရန် စီစဉ်ထားကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဂျပန်အစိုးရနှင့် အာဏာရပါတီမှ တာဝန်ရှိသူများ ဇန်နဝါရီ ၁၅ ရက်ကပြုလုပ်သည့် အစည်းအဝေးတွင် ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အတွင်း ရုရှားနှင့် ဆွစ်ဇာလန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။

ရုရှားနိုင်ငံ ခရီးစဉ်အတွင်း သမ္မတပူတင် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ရုရှားနိုင်ငံက သိမ်းယူထားသည့်ကျွန်းများကိစ္စ အပါအဝင် ရုရှားနှင့် ဂျပန်နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရေးအတွက် ဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်သွားရန် ဂျပန်ဝန်ကြီးချုပ်က သန္နိဋ္ဌာန်ချထားသည်။ ရုရှားနိုင်ငံက ကျွန်းလေးကျွန်းကို ထိန်းချုပ်ထားပြီး အဆိုပါကျွန်းများကို ဂျပန်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာထားသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ဖြေရှင်းခြင်းမပြုနိုင်သည့် အဆိုပါကျွန်းလေးကျွန်း ပိုင်ဆိုင်မှုအရေးနှင့် ပတ်သက်၍ မိမိနှင့်သမ္မတပူတင်တို့သည် ယမန်နှစ်ကပင် အဆုံးသတ်နိုင်လိမ့်မည်ဟု ထပ်လောင်းအတည်ပြုခဲ့ကြောင်း၊ နောက်မျိုးဆက်သစ်များထံသို့ ယင်းကိစ္စရပ်များ ကျော်လွန် ရောက်ရှိသွားစေမည်မဟုတ်ကြောင်း ရှင်ဇိုအာဘေးက ပြောကြားသည်။

ရုရှားနိုင်ငံသို့ သွားရောက်ပြီးနောက် ဂျပန်ဝန်ကြီးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်တွင် ကျင်းပမည့် ဒါဗို့စ်ကမ္ဘာ့စီးပွားရေးဆိုင်ရာ ဖိုရမ်ဖွင့်ပွဲသို့ ဆက်လက်တက်ရောက်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်တွင် မြေပြိုကျမှုကြောင့် အလုပ်သမား ရှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၅**
ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ကိုဟစ်စတန်ဒေသတွင် မြေပြိုကျမှုကြောင့် ဗန်ကားတစ်စီးဖြင့် စီးနင်းလိုက်ပါလာသည့်သူများအနက် အလုပ်သမားရှစ်ဦး သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆင်ဟွာသတင်းဌာနမှ သိရသည်။

အဝေးပြေးလမ်းမကြီးပေါ်တွင် ဇန်နဝါရီ ၁၄ ရက် ညပိုင်းက မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးလုပ်သားများက ဇန်နဝါရီ ၁၅ ရက်အစောပိုင်းတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗန်ကားသည် အလုပ်သမားများကို တင်ဆောင်ပြီး နေအိမ်မှ အလုပ်ရုံရှိရာသို့အသွား လမ်းတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် သေဆုံးသူရှစ်ဦးကို ရွှံ့ညွှန်နှင့် ကျောက်တုံးများ ရောနှောနေသည့် မြေစာပုံများကြားမှ ကယ်ဆယ်ဖော်ထုတ်နိုင်ခဲ့သည်။ ကျန်သောလူများကို စက်ကိရိယာများအကူအညီဖြင့် ကယ်တင်ခဲ့ရသည်။

ယင်းမြေပြိုမှု ဖြစ်ပွားခဲ့ခြင်းမှာ ပြီးခဲ့သည့်တစ်ပတ်က အဆိုပါနေရာအနီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဆီးနှင်းများကျရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ရဲတပ်ဖွဲ့ဝင်များက ဆိုသည်။

မြေပြိုကျမှုကြောင့် မြောက်ဂဲဂစ်ဘလက်စတန်ဒေသနှင့် ဆက်သွယ်ထားသည့် အနောက်မြောက်ပိုင်း ခိုင်ဘာပတ်ခွန်ခွာပြည်နယ်၏ အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ဆို့ထားသည်။

**ဆင်ဟွာ**

# ဇင်ဘာဘွေ၌ ဆန္ဒပြသူများအား ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွဲ

**ဟာရာရေး ဇန်နဝါရီ ၁၅**
ဇင်ဘာဘွေနိုင်ငံ မြို့တော်ဟာရာရေးနှင့် ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဘူလာဝါရိုမြို့တို့တွင် ရာပေါင်းများစွာသော ဆန္ဒပြသူများအား ဇန်နဝါရီ ၁၄ ရက်တွင် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများအသုံးပြုကာ လူစုခွဲခဲ့သဖြင့် ဆန္ဒပြသူများ လူစုကွဲသွားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဇင်ဘာဘွေ နိုင်ငံတွင် လောင်စာဆီဈေးနှုန်းကို သိသိသာသာတိုးမြှင့်လိုက်ပြီး တစ်ရက်အကြာတွင် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၅ ရက်တွင် ဇင်ဘာဘွေနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သည့် ဘူလာဝါရိုမြို့တွင် ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြုကာ လူစုခွဲခဲ့သည်။

ဘူလာဝါရိုမြို့တွင် လက်ရှိ အာဏာရ ဇာနူပီအက်ဖ် ပါတီအား ဆန့်ကျင်သည့် ဆန္ဒပြသူများက သမ္မတ အမ်မာဆန် မန်ဂါဂါဝါကို ရာထူးမှဖယ်ရှားပေးရန် ကြွေးကြော်ကြကာ ပစ္စည်းများ လုယူမှုဖြစ်ပွား၍ ရဲတပ်ဖွဲ့က ၎င်းတို့အား မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။




ဇန်နဝါရီ ၁၄ ရက်တွင် ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ဇင်ဘာဘွေနိုင်ငံမြို့တော် ဟာရာရေး၏လမ်းမများမှာ လူသူကင်းမဲ့နေခဲ့သည်။ ဇင်ဘာဘွေတွင် ဆိုးရွားလှသော စီးပွားရေး အကျပ်အတည်းကြောင့် ဒေါသပေါက်ကွဲကာ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံတွင် လအတန်ကြာ လောင်စာဆီ ရှားပါးပြတ်လပ်မှု ဖြစ်ခဲ့ပြီး လွန်ခဲ့သည့်ရက်သတ္တပတ်ကုန်ပိုင်းတွင် အစိုးရက လောင်စာဆီဈေးနှုန်းကို နှစ်ဆထိ တိုးမြှင့်ခဲ့သည်။ ထိုအတောအတွင်း နိုင်ငံတွင်း၌ အခြေခံ ကုန်ပစ္စည်းများဖြစ်သည့် ပေါင်မုန့်နှင့်ဆေးဝါး ပစ္စည်းများသည်လည်း အလားတူ ရှားပါးလာခဲ့သည်။

မြို့တော် ဟာရာရေးတွင် ဖြစ်ပေါ်ခဲ့သည့် ဆန္ဒပြမှုများ အပြီးတွင် ဈေးဆိုင်အများစုမှာ ပိတ်ထားဆဲဖြစ်သည်။ **အေအက်ဖ်ပီ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### ရန်ကုန်စည်ပင်ရွေးကောက်ပွဲ စာနယ်ဇင်းမိတ်ဆက်မည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲနှင့် စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဆန်စပါး အစိုဓာတ်တိုင်းတာရေး ဟောပြောမည်

ဆန်စပါးကဏ္ဍတွင် အသုံးပြုနေသော အစိုဓာတ်တိုင်းတာရေးကိရိယာများဖြင့် စံချိန်စံညွှန်း တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စွန့်ဦးတီထွင် ဖွံ့ဖြိုးရေးရွေးချယ်ပွဲ ကျင်းပမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ပဏာမရွေးချယ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### လေးမြိုင်ဓမ္မစာပေချီးမြှင့်ပွဲနှင့် ထေရဝါဒစာမူဆု ချီးမြှင့်မည်

သတ္တမအကြိမ်မြောက် လေးမြိုင်ဓမ္မပူဇာစာပေဆုချီးမြှင့်ပွဲနှင့် ထေရဝါဒဓမ္မစာမူဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် တံတားလေးလမ်း၀ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်စိုး**

### ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ အဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပမည်

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ၏ အဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

### ကျိုက်လတ်နှင့်ဒေးဒရဲရှိ သံဃာတော်များနှင့် ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းမည်

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းတိုက်နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနိမလနှင့် ညီအစ်ကိုမောင်နှမ၊ တပည့်၊ ဒါယကာ၊ ဒါယိကာမများက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များအား သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ပိဋကတ်သုံးပုံ ဆက်ကပ်လှူဒါန်းပြီး သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်းခြင်း အခမ်းအနားတို့ကို ဇန်နဝါရီ ၂၀ ရက် နံနက်တွင် ဒေးဒရဲမြို့ ထိုင်ကူမြစ်တန်းကျေးရွာ ဂုံမင်းကွင်းကျေးရွာအုပ်စု ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

## MNL ပွဲကျန်တွင် ရခိုင်နှင့် မကွေး သရေကျ

**စစ်တွေ ဇန်နဝါရီ ၁၅**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) လက်ကျန်ပွဲအဖြစ် ရခိုင်အသင်းနှင့် မကွေးအသင်းတို့ ယနေ့ ညနေပိုင်းက စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**ရခိုင်အသင်း - နှစ်ဂိုး**
**မကွေးအသင်း - နှစ်ဂိုး**

ရခိုင်နှင့် မကွေးအသင်းတို့၏ ရာသီအဖွင့် ပထမဆုံးပွဲမှာ အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ လက်ရွေးစင်အဆင့် ကစားသမားများဖြစ်သည့် ကျော်ဇင်ဖြိုး၊ နန္ဒကျော်၊ မောင်မောင်စိုး၊ ဆက်ဖြိုးဝေ၊ ကျော်ဇင်လွင်တို့ကို လက်လွှတ်ခဲ့ရသည့် မကွေးအသင်းသည် လူငယ်ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းကာ ပထမပွဲတွင် အဝေးကွင်း၌ အမှတ်ရယူနိုင်ခဲ့သည်။ ရခိုင်အသင်းမှာမူ အိမ်ကွင်း၌ အကောင်းဆုံးပုံစံမရသေးဘဲ ခံစစ်ပိုင်းအမှားအချို့ကြောင့် နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၆ မိနစ်တွင် ဇင်မင်းထွန်းက မကွေးအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ ကြိုးပမ်းခဲ့သည်။ ၇၅ မိနစ်တွင် ရခိုင်အသင်းချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ကယ်ဗင်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ပွဲစဉ်(၁)တွင် ဒဂုံ၊ လက်ရှိချန်ပီယံ ရန်ကုန်၊ Southern အသင်းတို့ သုံးမှတ်စီ၊ စစ်ကိုင်း၊ ရှမ်းယူနိုက်တက်၊ ရတနာပုံ၊ ဧရာဝတီအသင်းတို့က တစ်မှတ်စီရထားပြီး ဇွဲကပင်၊ ဟံသာဝတီနှင့် Chinland အသင်းတို့မှာ ရှုံးပွဲကြုံတွေ့ထားသည်။ **ရှိုင်းထက်ဇော်**

## ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁၁)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ MIC ဖူဆယ်အသင်း ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

MIC အသင်းသည် ပထမအကျော့ ၁၁ ပွဲစလုံး အနိုင်ယူပြီး ရမှတ် ၃၃ မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၁၁)တွင် MIC အသင်းက လက်ရှိချန်ပီယံ PU အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ PU အသင်းသည် လက်ရှိချန်ပီယံအသင်းဖြစ်သော်လည်း အသင်းဖျက်သိမ်းပြီးမှ ပြန်လည်ဖွဲ့စည်းသောကြောင့် အင်အားနည်းပါးသွားပြီး MIC အသင်းကို အဘက်ဘက်မှ ယှဉ်နိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

VUC အသင်းက Comrade အသင်းကို ၂၀ ဂိုး-သုံးဂိုး၊ AMM အသင်းက Titan XII အသင်းကို ငါးဂိုး-နှစ်ဂိုး၊ GV Athletic အသင်းက UPT အသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ယူ-၁၉ အသင်းက White Colour အသင်းကို လေးဂိုး-နှစ်ဂိုး၊ မြို့မအသင်းက ရွှေမြဝတီအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့အပြီးတွင် MIC အသင်းက ၃၃ မှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ပြီး VUC အသင်းက ရမှတ် ၃၀ ဖြင့် ဒုတိယ၊ GV Athletic နှင့် မြို့မအသင်းက ၂၁ မှတ်စီ၊ UPT နှင့် AMM အသင်းက ၁၅ မှတ်စီ၊ ရွှေမြဝတီနှင့် Comrade အသင်းက ၁၄ မှတ်စီ၊ PU အသင်းက ၁၀ မှတ်၊ ယူ-၁၉ အသင်းကကိုးမှတ်၊ Titan XII အသင်းက ရှစ်မှတ်၊ White Colour အသင်းက လေးမှတ်ရထားသည်။ **ရှိုင်းထက်ဇော်**

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစင်တာ(JICE) ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ဂျူဒိုအားကစားမောင်မယ်ရှစ်ဦးကို ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှမထွက်ခွာမီ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်များနှင့်အတူ တွေ့ရစဉ်။

**စောသိန်းဝင်း**




## အနုပညာသတင်း



## Master in the House အဖွဲ့သားတွေနဲ့ မွေးနေ့ပွဲကျင်းပခဲ့တဲ့ လီဆန်းဂီ

တောင်ကိုရီးယားမင်းသား လီဆန်းဂီက လတ်တလောမှာ ကျရောက်ခဲ့တဲ့ မွေးနေ့ကိုတော့ သူ့ရဲ့ရုပ်ရှင်သစ် "Master in the House" မှာ အတူပါဝင်ထားကြသူတွေနဲ့ ဆင်နွှဲခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၃ ရက်မှာ မင်းသားက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ မွေးနေ့ပွဲကျင်းပနေတဲ့ပုံကို ဖော်ပြခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဆန်းဂီဟာ ဇန်နဝါရီ ၁၃ ရက်မှာ အသက် ၃၂ နှစ် ပြည့်မြောက်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့မှာတော့ ပရိသတ်တွေကလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် မွေးနေ့ဆုတောင်းတွေ ပေးပို့ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

## Game of Thrones ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ကြေညာ

HBO ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်ပေးနေတာဖြစ်ပြီး ကျော်ကြားတဲ့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Game of Thrones" ရဲ့ နောက်ဆုံးသောရာသီကို စတင်ထုတ်လွှင့်ပေးသွားမယ့်ရက်ကို လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ ထုတ်လွှင့်သွားမယ့် အဆိုပါရုပ်ရှင်ရဲ့ နောက်ဆုံးသောရာသီအတွက် ဇာတ်လမ်းတွဲတွေကိုတော့ လာမယ့် ဧပြီ ၁၄ ရက်မှာ အထူးပွဲစတင်ပြသသွားမှာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။






## လက်ထပ်လိုက်ပြီဖြစ်တဲ့ ပ့ါခ်ဟေစိုး

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သူ ပ့ါခ်ဟေစိုးဟာ လတ်တလောမှာတော့ တောင်ကိုရီးယားမှာ သီးသန့်မင်္ဂလာပွဲပြုလုပ်ခဲ့တာဖြစ်တယ်လို့ ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သူနဲ့လက်ထပ်လိုက်တဲ့ သတို့သမီးဟာ သူ့ထက် ခြောက်နှစ်ခန့်ငယ်သူဖြစ်ပြီး လွန်ခဲ့တဲ့ တစ်နှစ်ခန့်က သူတို့နှစ်ဦးဟာ သူငယ်ချင်းတစ်ဦးရဲ့မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ သူတို့ရဲ့ မင်္ဂလာပွဲကိုတော့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၃ ရက်က ဆိုးလ်မှာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

မင်္ဂလာအခမ်းအနားကိုတော့ နှစ်ဖက်ဆွေမျိုးတွေနဲ့ ရင်းနှီးသူ မိတ်ဆွေတွေနဲ့သာ ကျင်းပခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ သူတို့ရဲ့ မင်္ဂလာပွဲကိုတော့ ပ့ါခ်ဟေစိုးရဲ့ သူငယ်ချင်းတစ်ဦးဖြစ်သူ မင်းသားလီဂျီဆပ်က အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## သတို့သမီးအရံအဖြစ် တွေ့မြင်ရတဲ့ ဒေမီလက်ဗားတိုး

ပေ့ါပ်ကြယ်ပွင့် ဒေမီလက်ဗားတိုးဟာ ကျန်းမာရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် ပြန်လည်ကျန်းမာလာခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ သူငယ်ချင်းတစ်ဦးရဲ့ မင်္ဂလာပွဲမှာတော့ ဒေမီလက်ဗားတိုးဟာ သတို့သမီးအရံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ညောင်တုန်းမြို့နယ်၌ မြစ်ကမ်းပါးပြိုကျ၍ လူနေအိမ်များပြောင်းရွှေ့

**ညောင်တုန်း ဇန်နဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်ငါးလုံး ပြောင်းရွှေ့ပေးရကြောင်း သိရသည်။ "မြစ်ကမ်းပါးက ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက မြေကြီးအက်ကြောင်းရာများဖြစ်ပေါ်ပြီး အောက်ကိုအိကျသွားတာပါ။ အဲဒီလိုအိကျတာနဲ့ မလွတ်ကင်းတဲ့ အိမ်တွေချက်ချင်းဖျက်ပြီး ပြောင်းရွှေ့ကြရတာပါ။ အခုလဲကမ်းစပ်နဲ့ ပေခြောက်ဆယ်လောက်ကွာတဲ့နေရာကနေပြီး အရှည်ပေ ၃၀၀ ခန့်လောက်အထိ အက်ကြောင်းတွေပေါ်နေတာကို တွေ့ရပါတယ်။ နောက်ထပ်မလွတ်ကင်းတဲ့အိမ်တွေလည်း ထပ်ဖျက်ဖို့စီစဉ်နေကြပါပြီ။ အခုလို ပွင့်လင်းရာသီမှာ ဒီလိုဖြစ်နေတော့ အခုနှစ်မိုးတွင်းပိုင်း ပိုဆိုးလာမှာကို ပြည်သူတွေ စိုးရိမ်နေကြပါတယ်" ဟု ဆားမလောက်ကျေးရွာနေ ကိုပြုံးချိုက ပြောသည်။



အဆိုပါကမ်းပါးအိကျရာသို့ မြို့နယ်တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာမိရွာဖများက သွားရောက်ကြည့်ရှုပြီး ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်း-ဝင်းမြင့်ကျော်(ညောင်တုန်း)၊ ဓာတ်ပုံ-သန်းလွင်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၈၅ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၇၄၄ သန်း) စုစုပေါင်း တားဆီးမှုရှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၄၂၉ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရွှေဖြူကျေးရွာအနီး ဖြတ်သန်းမောင်းနှင်လာသော Toyota Hiace ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ခုနစ်မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၅၄၀ သန်း)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကွန်ဟိန်းတွင် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



**ကွန်ဟိန်း ဇန်နဝါရီ ၁၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွယ်လင်ခရိုင် ကွန်ဟိန်းတွင် ကာလတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို ဇန်နဝါရီ ၁၅ ရက်က သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီခွဲခန့်က သံလွင်ကူးတို့ ပူးပေါင်းစစ်ဆေးရေးဂိတ်စခန်းတွင် ရဲကင်းမှူးဒုရဲအုပ်သိန်းဆောင်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်မှ ရဲအုပ်သက်နိုင်လတ်အဖွဲ့၊ စရဖ တပ်ဆွယ်မှ တပ်ကြပ်ကြီးဧရာချင်း တို့ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မော်တော်ယာဉ်များကို စစ်ဆေးနေစဉ် ကျိုင်းတုံမှ ကာလိသို့ ယာဉ်မောင်း မြင့်အောင်မောင်းနှင်လာသောယာဉ်ကို ရှာဖွေစစ်ဆေးရာ ICE အလေးချိန် ၆၀၀ ကီလိုဂရမ်ခန့် (၁ ကီလိုဂရမ်လျှင် ကာလတန်ဖိုးငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၅၀၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား ကာလိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝဇြ**

# မိုင်းဆတ်မြို့၌ မီးလောင်မှုဖြစ်ပွား

**မိုင်းဆတ် ဇန်နဝါရီ ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝိန်းနေရပ်ကွက် ဦးနန်တိ၏ ခြံဝင်းအတွင်း အိမ်မကြီး၏ အနောက်ဘက် ငါးပေခန့်အကွာရှိ အဆောင်တွင် သွယ်တန်းထားသော နှစ်ပင်လိမ်ဝိုင်ယာကြိုး အပူလွန်ကဲပြီး အဆောင်အတွင်းရှိ ခုတင်နှင့်မွေ့ရာသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၂ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးနန်တိအား မိုင်းဆတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

| | | | |
|---|---|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။ | Website | - http://www.timescity.com.mm |
| | | Facebook | - Times City Yangon - Myanmar |
| ဖုန်းနံပါတ်များ | -09-765800800 , 09-764800800 , 09-5045777 | Email | - timescityproject@gmail.com |

# သဖန်းဆိပ်ဆည် ရေသောက်ဧရိယာအတွင်းရှိ မိုးစပါးများ အထွက်နှုန်းကောင်းပြီးဈေးကောင်းရ

**စစ်ကိုင်း ဇန်နဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးထားသော မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ မိုးစပါးအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ စစ်ကိုင်း၊ အရာတော်၊ ဘုတလင်မြို့နယ်တို့တွင် ယခုနှစ် မိုးရွာသွန်းမှုနည်းပါးခဲ့သော်လည်း ဆည်/ရေဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများက သဖန်းဆိပ်ဆည်ရေကို လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်မှုကြောင့် မြောင်းဖျားမြောင်းနားပါမကျန် မိုးစပါး ၄၈၉၅၃၃ ဧကကို အောင်မြင်ဖြစ်ထွန်းစွာ ဆည်ရေပေးဝေနိုင်ခဲ့သည်။

ယခုအခါ အဆိုပါ မိုးစပါးစိုက်ဧရိယာများ ရိတ်သိမ်းလျက်ရှိရာ ဧရိယာအားလုံး၏ တစ်ဝက်ခန့် ရိတ်သိမ်းပြီးစီးနေကြောင်း၊ အများစုမှာ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရသော ရွှေဘိုပေါ်ဆန်း (ဘေးကျား) စပါးမျိုးကိုသာ အဓိကထားစိုက်ပျိုးကြကြောင်း၊ ရွှေဘိုပေါ်ဆန်း တစ်ဧကထွက်နှုန်းမှာ အနည်းဆုံး တင်း ၇၀ မှ အများဆုံး ၉၉ တင်းခန့်ထိ ထွက်ကြပြီး ဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၁၂ သိန်းခွဲမှ ၁၃ သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ခင်ဦးမြို့ အောင်သီရိရပ်နေ တောင်သူဦးသန်းဦးက ပြောကြားသည်။

သဖန်းဆိပ်ဆည်တွင်း လက်ကျန်သိုလှောင်ရေဖြင့် လာမည့်နွေစပါးနှင့် နွေသီးနှံစုစုပေါင်း ဧက ၃ ဒသမ ၅ သိန်းကျော်အား ဆည်ရေပေးဝေရန်လျာထားပြီး အဆိုပါ လျာထားဧရိယာများကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ ဆည်ရေပေးဝေသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။ **အောင်မိုး(စိုက်ပျိုးရေး)**



**သထုံမြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းနှင့် ရန်ကုန်-ဘားအံ အဝေးပြေးကားလမ်းများပေါ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့်ယာဉ်များကို လင်းယုန်စီမံချက်ဖြင့် အရေးယူဆောင်ရွက်နေစဉ်။**

လှိုင်ထွန်းအောင်(သထုံ)

## တိုတိုထွာထွာဖတ်စရာ

### မြင်းခြံမြို့နယ်၌ တောင်သူများထံ ပိုးသတ်ဆေးများထောက်ပံ့

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုးကျရောက်နေသဖြင့် ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲက မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေးများ ထောက်ပံ့ပေးခဲ့သည်။

မြင်းခြံမြို့နယ် အောင်ပြည်စိုးကျေးရွာရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းဧက ၄၀၊ တန်ဆောင်းကျေးရွာနှင့် ပြည်တော်သာကျေးရွာရှိ အစေ့ထုတ်ပြောင်းစိုက်ပျိုးဧက ၄၈ ဧက အတွက် ပိုးသတ်ဆေးများကို တောင်သူတစ်ဦးချင်းအလိုက် လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။ မြင်းခြံမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းစိုက်ပျိုးထားရှိမှုမှာ ဧကပေါင်း ၁၂၀၀၀ ခန့်ရှိ ပိုးကျဧက ၁၁၁၈ ဧကရှိကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

### ဟသ်ာတတွင် ငမြောင်တောင်ပိုးကျရောက်မှု နည်းပညာများပံ့ပိုးပေး

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ရွှေဂူကျွန်း (ရွှေဟသ်ာကျွန်း)ကျေးရွာ ပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုးများ ကျရောက်နေမှုကြောင့် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဟသ်ာတမြို့နယ်၌ အစေ့ထုတ်ပြောင်းစိုက်ဧက ၃၂၅၅ ဧကနှင့် အထူးစားပြောင်းစိုက်ဧက ၅၂၃၂ ဧကရှိပြီး ၁၉၀၃ ဧကတွင် Fall Army Worm(FAW) ငမြောင်တောင်ပိုးများ ကျရောက်ခဲ့သဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဆိုပါကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ အသိပညာပေးမှုများနှင့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

### ပျဉ်းမနားမြို့နယ်အတွင်း ငမြောင်တောင်ပိုးကျရောက်မှု ကွင်းဆင်းပညာပေး

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုး ကျရောက်မှုအခြေအနေ ကွင်းဆင်းပညာပေးခြင်းအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီက ဇီးဖြူပင်ကျေးရွာတွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးပိုးမွှားတာဝန်ခံ ဒေါ်ခင်မြမြလွင်က ငမြောင်တောင်ပိုး ဖျက်ဆီးမှုအခြေအနေများကို တောင်သူများနှင့် ဝန်ထမ်းများအား ပညာပေးဆွေးနွေးခဲ့ပြီး မီးထောင်ချောက်များပေးအပ်ကာ တောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရူပဗေဒ)**



တိုတိုထွာထွာဖတ်စရာ

## ပုဏ္ဏားကျွန်း၌လူထုဗဟိုပြုစီမံကိန်းသုံးသပ်ဆွေးနွေး

**ပုဏ္ဏားကျွန်း**

ပုဏ္ဏားကျွန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်း၏ ပထမနှစ်စက်ဝန်း နှစ်လပြည့်လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စီမံကိန်းလုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြသော လူထုစည်းရုံးရေးမှူးများနှင့် နည်းပညာမှူးများက မိမိတို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများနှင့် အားသာချက်၊ အားနည်းချက်များကို တာဝန်ရှိသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လပွတ္တာမြို့နယ်တွင် တစ်လုံးထိုးအင်ဂျင်စက်ပြင်သင်တန်းဖွင့်

**လပွတ္တာ**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် တစ်လုံးထိုးအင်ဂျင်စက် ပြင်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက သပြေကုန်းကျေးရွာ အုပ်စု ပျဉ်ထောင်တွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် နည်းပြဆရာ ဦးအောင်ကျော်ထွေးက အခြေခံစက်ပြင် ပညာ၊ စက်၏အစိတ်အပိုင်း၊ ကိုင်တွယ်သုံးစွဲနည်းများ၊ ထိန်းသိမ်းစောင့်ရှောက် နည်းများနှင့် စက်စွမ်းအင်တို့ကို သင်ကြားပို့ချခဲ့သည်။ ကျေးရွာငါးရွာမှ သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာ မြင့်မည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## ထားဝယ်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**ထားဝယ်**

ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက ကူးတို့ကျေးရွာဓမ္မာရုံ၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမော်**

## ရေနီးကွန်ကရစ်ချောင်းကူးတံတား အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများလိုလား

**ရေတာရှည် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ဆွာမြို့တွင် အရှည် ပေ ၅၀၀ ကျော်ရှိ ရေနီးကွန်ကရစ် လူကူးတံတားသည် ဆွာချောင်းရေလျှံမှု ကြောင့် တံတားရေလယ်တိုင်အမှတ် (၅) မှာ အောက်ခြေများ တိုက်စားခံရပြီး နိမ့်ဆင်းသွားခဲ့ရာ တံတားအခန်းနှစ်ခန်း ပါနိမ့်ကျသွားခဲ့သည်။

တံတားပေါ်မှ ရဟန်းသံဃာများ၊ ကျန်းမာရေး မကောင်းသူများအတွက်သာ မော်တော်ယာဉ်ငယ်များ ဖြတ်သန်းခွင့် ပေးထားပြီး ကုန်တင်သည့် ဆိုင်ကယ်များ နှင့်အခြားသောယာဉ်များကို တံတား၏ ကြံ့ခိုင်မှုအရ ဖြတ်သန်းခွင့်ပိတ်ပင်ထား ဆဲဖြစ်သည်။

အဆိုပါတံတားသည် ချောင်းအရှေ့ဘက်ကမ်းဒေသများရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ နေ့စဉ် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များဖြင့် ဆွာမြို့နှင့် အခြားသောမြို့များသို့ ဆက်သွယ်ကူးလူး သွားလာနေကြရသဖြင့် အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများက လိုလားလျက်ရှိသည်။

**ကိုလွင်(ဆွာ)**



## ၂၀၁၉ နှစ်ဆန်းပိုင်းတွင် မြေတောက်ပဲနှင့် ပဲယဉ်းများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်

**မန္တလေး ဇန်နဝါရီ ၁၅**

၂၀၁၉ နှစ်ဆန်းပိုင်းတွင် ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် မြေတောက်ပဲနှင့် ပဲယဉ်းများ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ အပြိုင် ဝယ်ယူမှုများကြောင့် မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာပြီး အရောင်းသွက်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲများမှာ ၂၀၁၈ နှစ်ဆန်းပိုင်း ယခုလို ပေါ်ခါစအချိန်က မြေတောက်ပဲအသစ်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဈေးသာ ရရှိပြီး ပဲယဉ်းသီးနှံမှာ ကျပ် ၆၂၀၀၀ နှုန်းဖြင့် အဖွင့်ဈေး ရှိခဲ့သော်လည်း ယခုနှစ်တွင် သိသာထင်ရှားစွာ မြေတောက်ပဲကို ဇန်နဝါရီ ပထမပတ်တွင် ကျပ် ၁၂၃၀၀၀ ဖြင့် အဖွင့်ဈေးစတင်ကာ ဇန်နဝါရီ ၁၄ ရက်တွင် ကျပ် ၁၂၈၀၀၀ အထိ မြင့်တက်လာပြီး ပဲယဉ်းမှာကျပ် ၇၈၀၀၀ ဖြင့်ဈေးတည်ငြိမ်လျက်ရှိနေကြောင်း သိရသည်။

"၂၀၁၉ နှစ်ဆန်းမှာတော့ မန္တလေးပဲဈေးကွက်မှာ မြေတောက်ပဲနှင့် ပဲယဉ်းက နှစ်နိုင်ငံ ဝယ်လက်ဆုံတဲ့အတွက် အရင်နှစ်အဖွင့်ဈေးတွေထက် သိသိသာသာကို ဈေးနှုန်းမြင့်တက်နေတယ်။ တောင်သူတွေကတော့ ကြိုက်ဈေးရလို့ ရောင်းပန်းပွင့်နေကြတယ်။ ဝယ်လက်ကလည်း ခေါ်ဈေးအတိုင်း ပေးဝယ်နေရတဲ့ အခြေအနေဖြစ်နေတယ်။ ဒီနှစ်က ရာသီဥတုမျှတတဲ့အတွက် သီးနှံအထွက်နှုန်းကလည်း သင့်တင့်တယ်။ ဒါ့ကြောင့် ၂၀၁၉ ပဲဈေးကွက်ရဲ့ အလားအလာကတော့ မင်္ဂလာရှိနေပြီ" ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့် ပွဲရုံ)က ပြောသည်။

မြေတောက်ပဲမှာ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် ဗန်းမော်၊ ထီးချိုင့်၊ ကသာဒေသ၊ ပဲယဉ်းမှာ မတ္တရာ၊ စဉ့်ကူးမြို့နယ်များမှ စတင်ဝင်ရောက်လာကာ အဖွင့်ဈေးကောင်းမွန်မှုကြောင့် မန္တလေးဈေးကွက်သို့ ပို့ဆောင်ရောင်းချနေကြကြောင်း သိရသည်။

"ဒီနှစ်ကတော့ ထူးထူးခြားခြားကို မြေတောက်ပဲဈေးက အဖွင့်ဈေးကောင်းနေတယ်။ ဒါကြောင့် နောက်ဈေးကို မမျှော်ဘဲ လက်ရှိအမြင့်ဈေးနဲ့ ဦးဦးဖျားဖျားရောင်းချနိုင်ဖို့ မန္တလေးဈေးကွက်ကို လာခဲ့တာပါ" ဟု ထီးချိုင့်မြို့နယ်မှ တောင်သူ ဦးတင်ဝင်းက ပြောသည်။

မြေတောက်ပဲနှင့် ပဲယဉ်းသီးနှံများမှာ နိုင်ငံခြားဈေးကွက်ဝင် ပြည်ပပို့ကုန်အဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ထီးချိုင့်၊ ကသာနယ်ဘက်မှ ထွက်ရှိသည့် မြေတောက်ပဲများနှင့် ပခုက္ကူ မြစ်ခြေနယ်တို့မှ ထွက်ရှိသည့် ပဲယဉ်းများမှာ ဈေးကွက်တွင် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## (၁၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ဆေးတက္ကသိုလ်၊ မကွေး၊ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | |
|---|---|
| အစမ်းလေ့ကျင့်ခြင်း | - ၈-၃-၂၀၁၉ရက် (သောကြာနေ့) နံနက်ပိုင်း |
| ဘွဲ့နှင်းသဘင် | - ၉-၃-၂၀၁၉ရက် (စနေနေ့) နံနက်ပိုင်း |

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် အောက်ဖော်ပြပါ အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။

(က) ၂၀၁၈ခုနှစ်၊ ဇွန်လမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့၊ ဒီပလိုမာ အောင်မြင်ပြီးသူများ။

(ခ) ၂၀၁၇ခုနှစ်၊ ဇွန်လတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၇/၂၀၁၆)(၁)နှစ်သင်တန်း စာမေးပွဲဖြေဆိုအောင်မြင်ပြီး (လျှောက်လွှာပိတ်ရက်)တွင် အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ် အပြည့်အဝထမ်းဆောင်ပြီးသူများ။

(ဂ) ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ဆုံးအမ်ဘီဘီအက်စ် အပိုင်း(ခ) (၇/၂၀၁၆)သင်တန်း အတန်းတင်(ပုံမှန်)နှင့် (၇/၂၀၁၆)(၁) နှစ်သင်တန်း (နောက်ဆက်တွဲ)စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး (လျှောက်လွှာပိတ်ရက်)တွင် အလုပ်သင်ဆရာဝန်တာဝန်(၁)နှစ် အပြည့်အဝ ထမ်းဆောင်ပြီးသူများ (ထိုကာလမတိုင်မီက အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ် ထမ်းဆောင်ပြီးဆုံး၍ ဘွဲ့နှင်းသဘင်မတက်ရောက်ခဲ့သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | တက်ရောက်ဘွဲ့ | - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးရာတိတိ) |
| (ခ) | အဝေးရောက်ဘွဲ့ | - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| (ဂ) | မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာ | - ၈၀၀၀၀/-(ကျပ်ရှစ်သောင်းတိတိ) |
| (ဃ) | လျှောက်လွှာပိတ်ရက် | - ၂၀-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) |

၄။ သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁ ½"×၂" ရောင်စုံ ဓာတ်ပုံ(၆)ပုံ (အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ(သို့မဟုတ်)အနောက်တိုင်း ဝတ်စုံအပြည့် နှင့် အမျိုးသမီးများသည် မြန်မာအင်္ကျီရင်ဖုံး(သို့မဟုတ်)ရင်စေ့ နားရွက်ပေါ်ပုံဖြစ်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစု (ဖုန်း-၀၆၃-၂၀၂၃၇၀၁/၀၂၊ လိုင်းခွဲ-၁၁၀)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ရာတွင် အမျိုးသားများသည် မြန်မာဝတ်စုံ လည်ကတုံးရှပ်နှင့် တိုက်ပုံ/အနောက်တိုင်းဝတ်စုံအပြည့်/တိုင်းရင်းသားဝတ်စုံ၊ အမျိုးသမီးများသည် မြန်မာဝတ်စုံ (လုံချည်၊ အင်္ကျီ)/တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်ရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

**စီစီသန်း**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်၊ မကွေး**














စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ ရှိသည်။ ဖော်ပြထားသည့် လေယာဉ်နှုန်းများထဲတွင် အခွန်များ နှင့် အခိုတောင်းခံမှုများ ပါဝင်ပြီး ဖြစ်သည်။ ၂၀၁၉ နိုဝင်ဘာ ၃၀ ရက် မတိုင်မီ ပြည်ပ ခရီးထွက်ရန် ၂၀၁၉ ဇန်နဝါရီ ၂၈ ရက် မတိုင်မီ မှာယူခဲ့သည့် လက်မှတ်များ အတွက် ချိုသာသော ဈေးနှုန်းများ ရှိမည်။










## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်၊ မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း စတင်အကောင်အထည်ဖော်လျက်ရှိပါသည်

**ဆက်သွယ်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-09-2002625(4-3)
(၂) ဦးလှအောင် (ဂေါပက) ဖုန်း-09-2003229
(၃) ဦးမြဇော် (ဂေါပက) ဖုန်း-09-2007364
(၄) ဦးသိန်းငွေအောင် (ဂေါပက) ဖုန်း-09-2009790
(၅) ဦးကင်းဝန် (ဂေါပက) ဖုန်း-09-5302137
(၆) ဦးကျော်ဇေယျ (ဂေါပက) ဖုန်း-09-2003855

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်) သတင်းစာများမှ ဖော်ပြပေးသွားပါမည်။

| | ဒီဇင်ဘာလ အလှူရှင်စာရင်း | |
|---|---|---|
| ၁ | ဦးရွှေသိန်း+ဒေါ်စိန်ကြည်ခင် စိန်ကြက်သွန်ကြော် မိသားစု၊ ဦးတင်အောင်ဆန်း+ဒေါ်ရွှေကြည် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးနှင့်ဝန်ထမ်းများ၊ ချောက်မြို့ | 1435000 |
| ၂ | ဦးမောင်ကို+သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ ထာဝရကုမ္ပဏီနှင့် ရွှေဥသြရွှေဆိုင်မိသားစု၊ မန္တလေးမြို့ | 1000000 |
| ၃ | ကွယ်လွန်သူ ဖခင်ကြီး ဦးဟန်နွယ်နှင့် ဦးတင်လှိုင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ယော့ပါသာဒိကာ(ဒေါ်မြတ်ပိုး)နှင့် ဒေါ်ကျင်ထွေးတို့ကို အမှူးထား၍ ဒေါက်တာပွင့်ဦး၊ ဒေါက်တာဥမ္မာလှိုင် သား မောင်တင်ထူးအံ့၊ သမီး မယွန်းမြတ်သရဖီမိသားစု၊ သီတဂူဗွီးရှင်းဆေးခန်း မော်လမြိုင်မြို့ | 1000000 |
| ၄ | ဒေါက်တာဝင်းဝင်းမော်(၄၁)နှစ်ပြည့်မွေးနေ့အလှူ နေနတ်သားဆေးတိုက် ပခုက္ကူမြို့ | 500000 |
| ၅ | ကိုနေလင်း+မမိုးမိုးသင်း သား မောင်ရဲလင်းသန့် (၁၀)နှစ်ပြည့်အထိမ်းအမှတ်၊ ဝမ်းတွင်းမြို့ | 500000 |
| ၆ | ဦးတင်စိုး+ဒေါ်လှလှမြင့် ဆင်ပျံ့ပရဆေးမိသားစု အမှတ်-၁၇၅၊ ထိပ်တန်းဈေးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 500000 |
| ၇ | စစ်သူနာပြုအပတ်စဉ်(၆)မှ အရာရှိများ | 300000 |
| ၈ | ဦးထွန်းခင်၊ ဒေါ်ခင်အန်၊ ဒေါ်စွမ်ကြို့တို့အား ရည်စူး၍ သမီး ဒေါ်ခင်ဝင်းမြင့် မိသားစု လောပိတလမ်း၊ ၃၄ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | 300000 |
| ၉ | အနန္တောအနန္တ ငါးပါးဦးထိပ်ထားလျက် နှစ်ဖက်ဘိုးဘွားမိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးညွန့်ကြည်တို့အား ရည်စူး၍ ဒေါ်အေးအေးမြင့် သားသမီးမြေးတစ်စု | 300000 |
| ၁၀ | ဆရာတော် ဦးဇောတိက(မစိုးရိမ်တိုက်သစ်ကျောင်းသားဟောင်း)နှင့် ဒါယကာ၊ ဒါယိကာမများ ဇေတဝန်ကျော်အောင်စံထားစာသင်တိုက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | 200000 |
| ၁၁ | ဒေါ်သန်းညိုအား ရည်စူး၍ ဦးကျော်ငွေ မိသားစု တန့်ကြည်ရွာ၊ ပခုက္ကူမြို့နယ် | 150000 |
| ၁၂ | ဖခင်ကြီး ဦးဘ+မိခင်ကြီး ဒေါ်စု၊ အစ်ကို ဦးတင်မောင်၊ ညီမ ဒေါ်စိန်စိန်၊ ဒေါ်တင်ညွန့်ညွန့်၊ ဒေါ်တင်အုံးတို့အား ရည်စူး၍ ဆရာမဒေါ်ရီရီ မိသားစု အမှတ်(၆၄)၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | 120000 |
| ၁၃ | ကွယ်လွန်သူ ဖခင်ဦးချစ်ပို+မိခင်ဒေါ်ညိုစိမ့်တို့အား ရည်စူး၍ သား၊ သမီး မိသားစု (၁)ရပ်ကွက်၊ ကျောက်မဲမြို့ | 100000 |
| ၁၄ | ကွယ်လွန်သူ ဖခင်ကြီးဦးချစ်စိန်+မိခင်ကြီးဒေါ်အေးသန်းတို့အား ရည်စူး၍ ဆရာမဒေါ်အေးအေးငွေ ထူးချွန်ဘော်ဒါ ကျောက်မဲမြို့ | 100000 |
| ၁၅ | ဆရာမဒေါ်လှလှသင်း၊ ဆရာမဒေါ်ထွေး ကျောက်မဲမြို့ | 100000 |
| ၁၆ | ဆရာမဒေါ်ခင်မာအေး၊ ဆရာကြီးဦးမောင်မောင်အေး မောင်နှမတစ်စု၊ နမ့်တုံရပ်၊ ကျောက်မဲမြို့ | 100000 |
| ၁၇ | ဦးစက်အေးမိသားစု နမ့်တုံရပ်၊ ကျောက်မဲမြို့ | 100000 |
| ၁၈ | ဦးငွေမောင်+ဒေါ်ဝင်းနီညွန့်(ခ)ဒေါ်ဝိုက်မိသားစု၊ အောင်ဇေယျာရပ်၊ အမှတ်(၅)နယ်မြေ၊ မိတ္ထီလာမြို့ | 100000 |
| ၁၉ | ဒေါ်တင်တင် ကြံတိုင်းအောင်တူရိယာမိသားစု၊ (၄၁)လမ်း၊ မန္တလေးမြို့ | 100000 |
| ၂၀ | ဒေါ်ကောမလညာဏီ ကျွဲဆည်ကန် မိုးကုတ်ရိပ်သာ၊ မန္တလေးမြို့ | 100000 |
| ၂၁ | ဒေါ်နန်းခင်နှင်းကြည် နှင်းလင်းမိသားစု၊ မန္တလေးမြို့ | 100000 |
| ၂၂ | ဒေါ်နန်းညွန့်ညွန့်မေ မူဆယ်မြို့ | 100000 |
| ၂၃ | ဒေါ်ခင်သန်းငွေ(ခင်-တိုင်းရင်းမေ) ကွယ်လွန်ခြင်း (၂)နှစ်ပြည့်အား ရည်စူး၍ ခင်ပွန်း ဦးစိန်လှိုင်(သူရဇော်)မိသားစု မြောက်ဒဂုံမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၂၄ | ဦးသောင်းညွန့်+ဒေါ်ဥမ္မာသန်း သမီး မကြည်လဲ့ဝေ၊ မနှင်းယုသောင်း မိသားစု | 100000 |
| ၂၅ | ဦးဝင်းရွှေ+ဒေါ်ရင်ရင် သမီး မသီတာ မိသားစု၊ အကွက်(၃၉၁)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | 100000 |
| ၂၆ | ဦးသံဝရ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်း၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာ | 100000 |
| ၂၇ | ဦးဝဏ္ဏိတ(ဓမ္မာစရိယ) ဓမ္မသီတဂူကျောင်းသားဟောင်း၊ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် မြင်းခြံမြို့ | 100000 |
| ၂၈ | မစိုးရိမ်တိုက်သစ် ဓမ္မဝေဒဂူကျောင်း နာယကဆရာတော် ဦးကုဏ္ဍလာလင်္ကာရာဘိဝံသကို အမှူးထား၍ ဦးခင်ဟန်းအား ရည်စူး၍ ရဟန်းဒါယိကာမကြီး ဒေါ်စန်းစန်းယဉ်၊ သား ဒေါက်တာချစ်ကိုဟန်၊ သမီး ဒေါက်တာစုစုလှိုင်မိသားစု၊ ဆီဆုံလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၂၉ | ကွယ်လွန်သူ ဒေါ်ခင်မာပြုံးအား ရည်စူး၍ ဦးမောင်မောင်မြင့် သား၊ သမီး၊ မြေးမိသားစု၊ လ/၂၇၊ အလယ်ရပ်၊ မိုးကောင်းမြို့ | 100000 |
| ၃၀ | ဆရာဦးသက်ခိုင်+ဒေါ်တင်ညွန့်ညွန့် မိသားစု အမှတ်(၆၄) မင်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ | 100000 |
| ၃၁ | ဖခင်ဦးတုတ်ဝါ+မိခင် ဒေါ်သန်းမြင့်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်သန်းသန်းငွေ ညီအစ်မများ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ | 100000 |
| ၃၂ | ပုသိမ်မြို့၊ အထက(၆) ကျောင်းသားဟောင်းနှင့် ဆရာမ ဒေါ်မြမြလွင်၊ ပုသိမ်မြို့ | 100000 |
| ၃၃ | ဒေါ်မြမြလွင်၊ ဦးမင်းဇော်သိန်း+ဒေါ်သင်းသင်းနွယ် မိသားစု၊ ပုသိမ်မြို့ | 100000 |
| ၃၄ | အထက(ခွဲ)၊ အလက(၃) ဆရာမများ၊ ကျောက်မဲမြို့၊ ရှမ်းပြည်မြောက်ပိုင်း | 100000 |
| ၃၅ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မွှေးအား ရည်စူး၍ သမီး မိသားစု မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ | 50000 |
| ၃၆ | မောင်အောင်ကိုလတ်+မအိဇင် သားသမီးတစ်စု စက်မှုဇုန်၊ မိတ္ထီလာမြို့ | 10000 |
| ၃၇ | အရှင်ကုသလဂုဏနှင့် ဗီယက်နမ်ရဟန်းတော် Ven Pannavaro တို့ကို အမှူးထား၍ Mr.Tong+Mrs.Tam သမီး Phuong Mai USA | $ 1000 |
| | | 8565000<br>$1000 |

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559 စမ်းချောင်း

ရတနာစံအိမ်
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09 443888081
09 428773388

**ရောင်းမည်**

ပဲခူးဟံသာဝတီ လေဆိပ်စီမံကိန်းအနီး၊ စက်မှုမြေကွက်(၇. ၅၇)ဧက၊ RCခြံစည်းရိုးကာပြီး၊ 100KVA Transformer၊ ၁၂လက်မ အဝီစိတစ်တွင်း၊ ပေ(၃၀×၇၀)ဂိုဒေါင်တစ်လုံး၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း-၀၉-၇၈၈၀၂၂၂၇၂၊
၀၉-၇၈၈၀၂၂၃၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဖော်ဇီယာ(ခ)မတင်မိုးခိုင် [၁၂/ပဘတ(နိုင်)၀၀၀၉၄၁] ၇-၁-၂၀၁၉ရက်တွင် ပတ်စ်ပို့ရုံး၌ မှတ်ပုံတင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၄၄၃၀၉၇၇၄၀

## ဒေါ်အုံးတင်

### အသက်(၈၈)နှစ်

**ကျောက်ပန်းတောင်းမြို့နယ်အသင်းဝင်**

ရန်ကုန်မြို့၊ အမှတ်(၅၈)၊ အနော်မာ(၁၉)လမ်းအရှေ့၊ (၂)ရပ်ကွက်၊ သာကေတနေ (ဦးလှရွှေ)၏ ဇနီး၊ ဒေါ်အုံးတင်သည် ၁၅-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ညွှန့်ရီ

### အသက်(၉၃)နှစ်

သူငယ်ချင်း ဦးဌေးဟုန်၏မိခင် ဒေါ်ညွှန့်ရီ အသက်(၉၃)နှစ်သည် ၅-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၈ ခုနှစ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊**
**ဘူမိဗေဒကျောင်းသားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ အမှတ်(၆) နေ ဦးမောင်မောင် အသက်(၈၆)နှစ် A.G.T.I (Civil) ဦးစီးအရာရှိ(ငြိမ်း)၊ ဆ/မ ဥက္ကဋ္ဌဟောင်း၊ အောင်မြေရွှေဘုံသာဓမ္မာရုံ ဂေါပကအဖွဲ့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ည ၇း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအလုပ်အမှုဆောင်အဖွဲ့**
**အောင်မြေရွှေဘုံသာဓမ္မာရုံ**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်မောင်ဝင်း (ရေနံချောင်းမြို့)

**ပုဇွန်တောင်(၂) ကျောင်းဆရာဟောင်း**

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဆရာမောင်ခြံ(30-F) နေ ဆရာဦးတင်မောင်ဝင်းသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထက(၂) ပုဇွန်တောင် ဆရာ/ဆရာမဟောင်းများနှင့်**
**ကျောင်းသူကျောင်းသားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်သိမ်း၊ ဝန်ကြီး(အငြိမ်းစား)၏ မိခင်ကြီး ဒေါ်အမာ သည် ၁၀-၁-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊ ကွယ်လွန်သူ ကောင်းရာသုဂတိလားပါစေကြောင်း ဖော်ပြအပ်ပါသည်။

**ဦးဇော်မြင့်ဖေနှင့်ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ဟန်နု

### အသက်(၇၈)နှစ်

အ-ထ-က (၂) အင်းစိန်၊ ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင် (ဟန်စိန်သန့် ကုမ္ပဏီ)-ဒေါ်သန္တာမြစိန်တို့၏မိခင်ကြီး ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်ဟန်နု အသက်(၇၈)နှစ်သည် ၁၄-၁-၂၀၁၉(တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၂)အင်းစိန်၊ ကျောင်းသား/သူဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးကြည်လွင်

### အသက်(၇၃)နှစ်

သူငယ်ချင်း ဒေါ်လှလှမြင့် (74' BE Chemical) ပုသိမ်အသင်း အမှုဆောင်၏ခင်ပွန်း ဦးကြည်လွင် အသက်(၇၃)နှစ်သည် ၃-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**1974 Batch BE (Chemical)**
**အတန်းဖော်သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ပျဉ်းမနားမြို့ ကိုရဲ လက်ဖက်နှင့်အကြော်စုံလုပ်ငန်း၊ အာဟာရ သုခဈေးအတွင်း Paris Soap ၏ ပျဉ်းမနားမြို့ ကိုယ်စားလှယ်တော်ကြီး ဦးရဲဆွေ၏ ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းဆွေ အသက်(၆၆)နှစ်သည် ၁၅-၁-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Paris Soap (SD Department)**
**United Pacific Co.,Ltd**

**ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်အေးတင် (ခနုဖြူ၊ အကျော်)

### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မိဂသီ(၂၂)လမ်း၊ အမှတ်(၁၅၂) နေ (ဦးသင်-ဒေါ်စိန်ခိုင်)တို့၏သမီး၊ ဦးအေးမောင်-ဒေါ်မြစိန်၊ (ဦးမြလွင်-ဒေါ်မြရှင်)တို့၏ညီမ၊ ဦးတင်အောင်-ဒေါ်ခင်နီ၊ ဦးငြိမ်း-(ဒေါ်ညွှန့်ညွှန့်ဆွေ) တို့၏အစ်မ၊ တူ/တူမ ၁၈ယောက်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်ငွေ M.E.P.E (ငြိမ်း)

**အလုံဓာတ်ဖြန့်**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅၈)၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်ကျော့မေ)တို့၏ သား၊ (ဦးရင်ကြီး-ဒေါ်လှဖွား)တို့၏ သားသမက်၊ ဦးအောင်အောင်-ဒေါ်ခင်ဖုန်းဝေ၊ ဦးမြတ်သူ-ဒေါ်ယမင်းလှိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဒေါ်ခင်ရီ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား ဒါယကာ**
**ရွှေပန်းထိမ်ဆရာ**

## ဦးတင်မိုး

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၉)၊ အခန်း (၂၅)နေ (ဦးရွှေသိန်း)-ဒေါ်ခင်လှိုင်တို့၏ သားကြီး၊ (ဦးအောင်မြတ်ကျော်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်အေးအေးမွန်၏ ခင်ပွန်း၊ ဒေါ်စန္ဒာရွှေ၊ ဦးအောင်မိုး၊ ဦးရဲမိုး၊ ဦးနေဇင်ထွေး-ဒေါ်မိုးနီနီတို့၏ မောင်/အစ်ကိုကြီး၊ တူမ နှစ်ယောက်တို့၏ ဘကြီးသည် ၁၅-၁-၂၀၁၉ ရက် မွန်းလွဲ ၂း၃၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ကျောက်ဆည်)

**ဦးစီးအရာရှိ(ငြိမ်း) ဆည်မြောင်း**

### အသက်(၈၅)နှစ်

ကျောက်ဆည်မြို့နေ (ဦးလှ-ဒေါ်လှိုင်)တို့၏ သားထွေး၊ (ဒေါ်ခင်မြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ အမှတ်(၆)၊ နှင်းဆီလမ်းသွယ်(၁)၊ နှင်းဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဇော်မင်း (Shwe Taung Development Co., Ltd.)-ဒေါ်ဖြူပြာကို၊ ဦးစိုးမင်း(E Guard Environmental Services Co., Ltd. )-ဒေါက်တာခိုင်ရီမြ (Hallmark Physiotherapy Centre)၊ ဒေါ်ဝါဝါမြင့်တို့၏ ဖခင်၊ မောင်အောင်ခန့်မင်း(UNSW, Sydney) တို့၏အဘိုး ဦးမောင်မောင်သည် ၁၄-၁-၂၀၁၉ ရက် ည ၇း၂၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း ဒါယကာကြီး**

## ဦးတင်ညွှန့်

### အသက် (၇၉) နှစ်

**(၁၉၉၃-၂၀၀၈)**
**အမျိုးသားညီလာခံကိုယ်စားလှယ်၊**
**တောင်သူလယ်သမားအစုအဖွဲ့၊**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း(အောက်လမ်း)၊ အမှတ် (၁၇)၊ ပထမထပ် (ခေါင်းရင်း)ခန်းနေ ဒေါ်မြမြသိန်း၏ ချစ် လှစွာသောခင်ပွန်း၊ ဦးစိန်နိုင်-ဒေါ်သောင်းညွှန့်၊ ဦးတိုးကြည်-ဒေါ်သင်းသင်းလှ၊ ဦးအောင်နိုင်ဦး-ဒေါ်အေးအေးကြွယ်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဇာနည်ညွှန့်၊ ဒေါ်မေရီညွှန့်၊ ဦးနေမျိုးညွှန့်-ဒေါ်မီမီဝင်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး ၁၃ ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမင်းတင့်

**(စားထွေကော်ပိုရေးရှင်း၊ မန်နေဂျာ-ငြိမ်း)**

### အသက် (၈၉) နှစ်

မကွေးမြို့၊ မိကျောင်းရဲ၊ သုခလမ်းနေ (ဦးဘခင်-ဒေါ်မြရှင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ(၂၂)လမ်း၊ အမှတ်(၇၉)နေ [ဒေါ်ခင်ရီ(ကျောင်းဆရာမ-ငြိမ်း)]၏ ခင်ပွန်း၊ ဒေါ်သင်သင်ထူး၊ ဒေါ်ဥမ္မာတင့်တို့၏ဖခင်၊ မဆုအိန္ဒြေ (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်)၏အဘိုးသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူ အားရည်စူး၍ ၂၁-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ကျောက်ဆည်)

**ဦးစီးအရာရှိ(ဆည်မြောင်း-ငြိမ်း)**
**၁၉၅၈(မြို့ပြ)၊ မန္တလေး**

### အသက်(၈၅)နှစ်

ကျောက်ဆည်မြို့၊ကံဦးရပ်၊ မန္တလေးလမ်းနေ (ဦးလှ-ဒေါ်ဒေါ်လှိုင်)တို့၏ သားထွေး၊ ကံဦးရပ်နေ (ဦးစောလွင်-ဒေါ်အမကြီး)၊ သစ်ကြီးတန်းနေ (ဦးတင်အေး-ဒေါ်သန်းသန်း)၊ မန္တလေးမြို့နေ (ဦးသိန်းဟန်-ဒေါ်ကြည်ကြည်ဟန်)၊ [ဦးသန်းမောင် မန်း-G.T.I)-ဒေါ်မိမိ]၊ [ဒေါ်ခင်သက်တင် (ကျောက်ဆည်၊ အမက-အင်ဒိုင်း)]တို့၏ ညီ/မောင်၊ (ဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဦးဇော်မင်း-ဒေါ်ဖြူပြာကို၊ဦးစိုးမင်း-ဒေါက်တာခိုင်ရီမြ၊ ဒေါ်ဝါဝါမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ အောင်ခန့်မင်း၏ အဘိုးသည် ၁၄-၁-၂၀၁၉ ရက် ည ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၆၊ နှင်းဆီလမ်းသွယ်-၁၊ နှင်းဥယျာဉ်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒုအရာခံဗိုလ် မင်းသူ (ခ) ဦးခင်ညွှန့် (လေ-ငြိမ်း)

### အသက် (၈၂) နှစ်

ပခုက္ကူမြို့၊ ဒေါင်းလှရပ်၊ အောင်တော်မူလမ်း၊ (၂)ရပ်ကွက်နေ (ဦးကြူး-ဒေါ်ညင်မ)တို့၏သား၊ ဦးမောင်ကိုမြင့်(မူအုပ်)-ဒေါ်စိန်တုတ်၊ (ဦးသောင်းစိန်)-ဒေါ်ခင်ခင်စိုး၊ ဒေါ်မြင့်မြင့်သန်း (သမဦးစီး-ငြိမ်း)၊ ဦးလှမျိုးသန်း-ဒေါ်လှလှတင်၊ ဒေါ်ရင်ရင်မြ၊ ဦးမြင့်အောင်-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်မြင့်မြင့်ဆွေ တို့၏အစ်ကို၊ ရွှေပေါက်ကံမြို့၊ ခတ္တာလမ်း၊ အမှတ်(၁၃၈)နေ (ဗိုလ်မှူးအောင်နိုင်သူ)-ဒေါ်အေးအေးမော်၊ ဦးဗိုလ်အောင်-ဒေါ်အေးမို့မို့သူ၊ ဒေါ်မြင့်မြင့်သူ(အလက-၁၀၊ မင်္ဂလာဒုံ)၊ အုပ်ခွဲတပ်ကြပ်ကြီး စိုးနိုင်လင်း(အမှတ်-၇၄) အုပ်-ဒေါ်အေးအေးသူ (MWY)၊ ဦးမင်းနိုင်ဦး-ဒေါ်ဌေးဌေးသူတို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်တင်ရီ၏ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် ရွှေပေါက်ကံမြို့သစ်၊ (၁၇) ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၁၃၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစံမင်း

**ဒုအရာခံဗိုလ် (ငြိမ်း)၊**
**တပ်မတော်ထောက်လှမ်းရေး**

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၈)နေ (ဦးလိပ်-ဒေါ်ကြွေ)တို့၏သား၊ (ဦးထွန်းခင်)-ဒေါ်ကျင်ငွေတို့၏ သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ရွှေ-ဒေါ်တင်ရီ၊ ဒေါ်သောင်းခင်၊ ဦးအောင်ငြိမ်း-ဒေါ်စိန်မြင့်၊ ဒေါ်သိန်းသိန်းတို့၏အစ်ကို/မောင်၊ ဦးမျိုးသန်းထွန်း (Raffle Shipping Co., Ltd)-ဒေါ်မေဦးစံ (သံလွင် ကိုယ်ပိုင်အထက်တန်းကျောင်း)၊ Dr.သဲမောင်မောင်(ဆေးသုတေသနဦးစီးဌာန)-ဒေါ်မေဂျူးစံ (မှော်ဘီနည်းပညာတက္ကသိုလ်)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၄-၁-၂၀၁၉ ရက် ည ၈း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ မီး ဒါယိကာမကြီး**

## ဒေါ်စန်းစန်းဝင်း

### အသက်(၆၄)နှစ်

**လယ်/ပြ**
**(အထက-၇၊ မင်္ဂလာတောင်ညွှန့်)**

ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း (၁၀၄)၊ ပထပ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကျော်ဖေ-ဒေါ်လှညွှန့်)တို့၏ သမီး၊ ဦးဝင်းမြင့်-ဒေါ်လှလှဝင်း၊ ဦးသန်းဌေး၊ (ဒေါ်နွဲ့နွဲ့ဝင်း)၊ ဒေါ်သန်းသန်းညွှန့် (ငြိမ်း၊ အမက-၁၁၊ မင်္ဂလာတောင်ညွှန့်)တို့၏ အစ်မ/ညီမ၊ တူ/တူမ ငါးယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁၄-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဉာဏုတ္တရ

### သိက္ခာတော် (၆၀)ဝါ၊ သက်တော် (၈၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ထ/၁၆)ရပ်ကွက်၊ သီရိရတနာလမ်း၊ အောင်ဗိမာန်ကျောင်းတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၁၉)၏ ဦးစီးနာယကလဇ္ဇီပေသလ သိက္ခာကာမဖြစ်တော်မူသော ဘဒ္ဒန္တဉာဏုတ္တရ အရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်) ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်) ၂၁-၁-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်၌ သာဓုကီဠနသဘင်ဆင်ယင်ကျင်းပပြီး ကျူချောင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ
အောင်ဗိမာန်ကျောင်းတိုက်

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းရွှေ (ဘက်ရဲမြို့)

### အသက် (၉၁) နှစ်

ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ (ဦးကြီးစိန်)၏ ဇနီး၊ (ဦးခင်ရှိန်)-ဒေါ်သိန်းမြင့်၊ (ဦးစည်အောင်)-ဒေါ်သန်းစိုး၊ ဦးခင်မောင်လွင်-ဒေါ်ဝင်းမြင့်၊ ဦးခင်အောင်-(ဒေါ်မြင့်မြင့်ခင်)၊ (ဦးဉာဏ်သိန်း)-ဒေါ်ခင်ဌေးရီ၊ ဗိုလ်ကြီးအောင်ဇော်မိုး(ငြိမ်း)-ဒေါ်မြင့်မြင့်စိန် (သူနာပြုအုပ်၊ အား/ကာ)၊ ဦးအောင်မြင့်သွင်-ဒေါ်ခင်သန်းနွယ်တို့၏မိခင်ကြီး၊ မြေး ၁၃ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ (B-1)၊ အောင်ဆန်းကွင်းဝန်ထမ်းအိမ်ရာ၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြင့်

### အသက်(၈၁)နှစ်

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အနောက်စောင်းတန်းလမ်းနေ (ဦးဗထူး-ဒေါ်တင်ညွှန့်)တို့၏ သမီး၊ ဦးတင်အေး (လင်းရောင်ခြည်)၏ ဇနီး၊ ဦးဝင်းသိန်း-ဒေါ်ချိုချိုတော၊ ဦးအေးသိန်း-ဒေါ်အေးထွေးစိုး၊ ဦးသန်းထွန်းဦး-ဒေါ်နီလာထွန်း၊ ဦးအောင်ဇော်ဦး-ဒေါ်ခင်သူဇာနွယ်၊ (ဦးညီညီထွေး)-ဒေါ်တင်တင်သင်း တို့၏ မိခင်၊ မြေး ၁၁ ယောက်၏ အဘွားသည် ၁၅-၁-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွှန့်စိန်

**မြန်မာ့သတင်းစဉ်(နိုင်ငံခြား)၊ ငြိမ်း**

### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၇)၊ (၁၂)ရပ်ကွက်၊ ရှေ့သို့လမ်းနေ (ဦးဘခင်-ဒေါ်လှထယ်)တို့၏သား၊ (ဦးညိုဟန်-ဒေါ်ခင်ငြိမ်း)တို့၏သားသမက်၊ ဦးပြေသိန်း (သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်တင်တင်အုန်း၊ (ဦးဖိုးနီ)-ဒေါ်ဝင်းဌေးတို့၏ အစ်ကိုကြီး၊ ဒေါ်မြင့်ဝေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီအောင်-ဒေါ်မြင့်မြင့်စိန်၊ ဦးကျော်သိန်းစံ-ဒေါ်သဇင်ဝေ၊ ဦးခွန်ကျော်သူ-ဒေါ်ဌေးလှိုင်စိုး၊ (မောင်ကျော်ဟိန်း)၊ မောင်ကျော်ဝေတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နီနီ (ထားဝယ်အသင်းဝင်အမှတ်-၆၉၄၈)

**ဆောက်လုပ်ရေး-ငြိမ်း**

### အသက် (၅၄) နှစ်

ထားဝယ်မြို့၊ အမှတ်(၈၉)၊ အလယ်လမ်း၊ ကညံ့ရပ်နေ (ဦးငွေမောင်)-ဒေါ်နှင်းကြည်တို့၏သမီး၊ (ဦးအောင်ညွှန့်)-ဒေါ်တင်မြင့်တို့၏သမီးချွေးမ၊ ဒေါ်သင်းသင်းမွန်(အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၏ညီမ၊ (ဦးနေမျိုးထွန်း)၊ ဦးသက်နိုင်စိုး(ဆည်/မြောင်း)-ဒေါ်မီမီခိုင်(ဆ. သ. ရ-ငြိမ်း)၊ ဦးစိုးမင်း (လမ်းအထူးအဖွဲ့-၁၄၊ ဆောက်လုပ်ရေး)-ဒေါ်သီသီခိုင်တို့၏အစ်မ၊ တူနှစ်ယောက်တို့၏အဒေါ်၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၂)လမ်း၊ ငါးလွှာ(B)၊ တိုက်(၆)နေ ဒုအရာခံဗိုလ်မြင့်လွင်ဦး(တပ်မတော်-ရေ)၏ ချစ်လှစွာသောဇနီး၊ မောင်ခန့်သီဟဇော်(ဆဌမတန်း-A၊အထက-၅၊ ကမာရွတ်)၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။ ) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၉(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း ဒါယိကာမကြီး**

## ဒေါ်လဲ့လဲ့မူ

**(စာရင်းကိုင်-၁၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန)**

### အသက်(၅၃)နှစ်

အင်းစိန်မြို့နယ်၊ အမှတ်(၆၂၅)၊ အရှေ့ကြို့ကုန်း၊ ၈/မြောက်နေ (ဦးအေးဝင်း)-ဒေါ်အေးသွင်တို့၏သမီး၊ (ဦးအောင်ကြည်)-ဒေါ်ခင်ရီတို့၏ သမီးချွေးမ၊ ဦးစိုးအောင် (ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကြို့ကုန်းအရှေ့ရပ်ကွက်)၏ ချစ်လှစွာသောဇနီး၊ မသင်းသင်းစု(MAB)၊ မသန်းသန်းစု၊ မောင်ပံ့သုကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၃-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈း၄၅နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၅**

လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ပထမအကြိမ်မှ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးပြောကြားစဉ်။**

# ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်

**လေရှီး ဇန်နဝါရီ ၁၅**

၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ အမှုထမ်းရပ်ကွက်ရှိ ရိုးရာကွင်း၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးသန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဖုန်းမြတ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့ဝင်များ ဒေသခံများနှင့်အတူ နာဂရိုးရာပန်တုံးကို တီးခတ်ကြစဉ်။**

